ပါလီမန်ဒီမိုကရေစီ

ဘာလဲ?

ဝိဓူရ သခင်ချစ်မောင်

ဗိုလ်ချုပ်နေဝင်းပါလီမန် မိန့်ခွန်း

ဝေဘန်ချက်

ပါလီမန်ဒီမိုကရေစီ ဘယ်လဲ

သခင်ချစ်မောင်

၏

ဗိုလ်ချုပ်မိန့်ခွန်း ဝေဖန်ချက်။

၁၉၅၉-ခု၊ ဖေဖေါ်ဝါရီလ ၁၆-ရက်နေ့
ကျင်းပသော ပြည်သူ့လွှတ်တော်တွင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်နေဝင်း၏ မိန့်ခွန်းအား

ပြည်သူ့ကိုယ်စားလှယ်-သခင်ချစ်မောင်
(သာယာဝတီ)
ဝေဘန်ဆွေးနွေးချက်။

ဥက္ကဋ္ဌကြီးခင်ဗျား....နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တိုင်းပြည်ရဲ့အခြေအနေများပေါ်မှာ အစီရင်ခံတဲ့မိန့်ခွန်းကို ယခုလို ဆွေးနွေး ဝေဘန်ခွင့် ရတဲ့အတွက်ဥက္ကဋ္ဌကြီးအားငှင်း၊ ဗိုလ်ချုပ်ကြီး နေဝင်းအားငှင်း၊ ကျွန်တော်အထူးဘဲကျေးဇူးတင်ရှိပါတယ်၊ သို့သော် လည်း ဗိုလ်ချုပ်ကြီး နေဝင်းနှင့်ဝန်ကြီးချုပ်ဟောင်း ဦးနုတို့ထားရှိတဲ့ကတိအတိုင်း ဧပြီလမတိုင်မှီမှာ ရွေးကောက်ပွဲကျင်းပမပေးနိုင်တဲ့ အကြောင်း၊ ဘာကြောင့်နှုတ်ထွက်လိုက်ရပါပြီဆိုတဲ့အကြောင်း၊သည် လို မိန့်ခွန်းကို ကြားနာလိုက်ရတဲ့ အချိန်နာရီကစပြီး ကျွန်တော်တို့ နှင့်တကွ ဒီမိုကရေစီကိုချစ်မြတ်နိုးကြတဲ့ တိုင်းသူပြည်သားများဟာ အင်မတန်ဘဲ စိတ်မချမ်းသာဖြစ်နေကြရပါတယ်။သို့သော်လည်း ဝန်ကြီးချုပ် မိန့်ခွန်းဟာဖြင့် သည်နေ့ တိုင်းပြည်မှာသေရေးရှင်ရေးတမျှ ဆိုက်ရောက်နေတဲ့အကြပ်အတည်းများကို ဖေါ်ပြပြီး၊ သည်အကြပ်အတည်းများကို သည်လိုက ဘယ်လိုထွက်ရမယ်ဆိုတဲ့ ထွက်ရပ်လမ်းကို ဖေါ်ပြတဲ့ မိန့်ခွန်းကြီးဖြစ်ပါတယ်။ ဒါကြောင့် သည်မိန့်ခွန်းမှာ သဘောတူနိုင်တာတွေ မတူနိုင်တာတွေ ဘယ်ပုံရှိတယ်၊ ဘယ်နည်းဟာ တိုင်းပြည်ရဲ့ ထွက်ရပ်လမ်းဖြစ်တယ်ဆိုတာ ကျွန်တော်တို့က တည့်တည့် လင်းလင်း သည်လွှတ်တော်မှတဆင့် နိုင်ငံတော်ကိုတင်ပြရမည့်

ကြီးစွာသောဝတ္တရားရှိပါတယ်၊ သည်လိုဝတ္တရားရှိတဲ့အတိုင်း ယခုလို ဝေဘန်ဆွေးနွေးခြင်း ဖြစ်ပါတယ်။

သေရေးရှင်ရေးမိန့်ခွန်း

ဥက္ကဋ္ဌကြီးခင်ဗျား။ ။ကျွန်တော် အထူး တောင်းပန်ချင်တာက ဒီနေ့သည် ပါလီမန်လွှတ်တော်ထဲမှာဆိုလျှင် ပမညတ အဖွဲ့ကြီးဟာ တခုတည်းသော အတိုက်အခံ အဖွဲ့ကြီးအဖြစ် ရပ်တည်လျက်ရှိပါ တယ်။ သည်လိုတခုတည်းသော အတိုက်အခံ အဖွဲ့အစည်းအဖြစ် ရပ်တည်တဲ့နေရာမှာ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ မိန့်ခွန်းဟာ တိုင်းပြည်ရဲ့ သေရေးရှင်ရေး ကံကြမ္မာကို တကယ်ဖန်တည်းနိုင်စွမ်းရှိတဲ့ မိန့်ခွန်း ကြီး ဖြစ်ပါတယ်။ ဒါကြောင့် တခုတည်းသော အတိုက်အခံ အဖွဲ့ အစည်းမှ တယောက်တည်းသော ပုဂ္ဂိုလ်ကသာ ဆွေးနွေးဝေဘန်ရမည် ဖြစ်တဲ့အတွက် တကယ်လို့များ ပေးအပ်တဲ့ အချိန်က အထိုက် အလျောက်များ ပိုသွားလျှင် ဥက္ကဋ္ဌကြီးက ပါလီမန်ရဲ့အကျိုးစီးပွား နိုင်ငံတော်ရဲ့အကျိုးစီးပွားအတွက်မို့၊ခွင့်လွှတ်ချမ်းသာခွင့် ပေးလိမ့် မည်လို့ ကြိုတင် ခွင့်တောင်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ သည်အချိန်မှာ နိုင်ငံတော်မှာဆိုက်ရောက်နေတဲ့ အကြပ်အတည်းဟာ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေးသက် တမ်း ၁၀ နှစ်အတွင်းမှာ ဘယ်အခါတုန်းကမှ မတွေ့ရဘူးတဲ့ အ ကြပ် အတည်းရယ်လို့ ကျွန်တော်တို့ မှတ်တမ်းတင်ထားပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဘာကြောင့် သည်နေ့အကြပ်အတည်းဟာ အကြီး မားဆုံး အကြပ်အတည်းရယ်လို့ ပမညတက ကောက်ချက်ချပါသလဲ ဆိုလျှင် ကျွန်တော်ဒါတွေကိုတင်ပြပါရစေ။

ကျွန်တော်တို့ရဲ့ လွတ်လပ်ရေး သက်တမ်း ၁၀ နှစ်အတွင်းမှာ အကြပ်အတည်းပေါင်းများစွာ ရှိခဲ့ဘူးပါတယ်။ ဥပမာ ပါလီမန်

လွှတ်တော်ကြီးက တိုင်းသူ ပြည်သားတွေ အင်မတန်လိုလားတောင့်တနေတဲ့ ငြိမ်းချမ်းရေးကိုမပေးနိုင်ခဲ့ပါဘူး။ ဒီနေ့အထိလဲ မပေးနိုင်ခဲ့ပါဘူး။ တိုင်းသူပြည်သားတွေမှာ ဆိုလျှင် အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု ကင်းကွာပြီး သွေးချောင်းစီးတဲ့ ဗမာ နိုင်ငံတော်မှာ သွေးအိုင်တွေထဲမှာ အလူးအလိမ့်ခံနေကြရပါတယ်။ ပြည်တွင်း ငြိမ်းချမ်းရေး ဆိတ်သုဉ်းပြီး ပါလီမန် လွှတ်တော်က တိုင်းသူပြည်သားတွေလိုချင်နေတဲ့ ငြိမ်းချမ်းရေးကို မပေးနိုင်ခဲ့တာဟာ သည်နေ့ ပြည်သူတွေ ရင်ဆိုင်နေရတဲ့ ငြိမ်းချမ်းရေး အကြပ် အတည်းကြီး ဖြစ်ပါတယ်။

တမျိုးပြီး တမျိုး

နောင်လာနောက်သားများအတွက် တိုင်းပြည်ကိုယုံပြီးပုံအပ်ခြင်းခံရတဲ့ သည်ပါလီမန်လွှတ်တော်ကြီးက တည်ငြိမ်တဲ့ ခိုင်မာတဲ့ မှန်ကန်တဲ့ ပညာရေးစံနစ်ကြီးကို ဖြေရှင်းပေးခဲ့သလားဆိုလျှင်၊ ဒါကိုဖြေရမည်ဆိုလျှင် ရှက်စရာတောင် ကောင်းပါတယ်၊ သည်နေ့ ထိအောင် မထိမ်းသိမ်းပေးနိုင်ခဲ့ပါဘူး၊ သည်နေ့မှာဆိုလျှင် မော်တော်ကား ဂီယာများပြောင်းသလို ခဏခဏ သည်နေ့တမျိုး မနက်ဖြန်တမျိုး ခဏခဏ ပြောင်းပြီး ခလေးများရဲ့ ပညာသင်ကြားရေးဟာလည်း သည်နေ့တိုင်အောင် ပုံသေကားချမရှိသေးပါဘူး၊ ဒါဟာ ၁၀ နှစ်အတော အတွင်းမှာ လွဲမှားနေတဲ့ပညာရေးအကြပ်အတည်းတခု ဖြစ်ပါတယ်။

အိုးအိမ်ပြဿနာ

ဥက္ကဋ္ဌကြီးခင်များ။ ။ဒါတွင်မကသေးပါဘူး ကျွန်တော်တို့မှာ အိုးမဲ့အိမ်မဲ့ ပြဿနာတွေဟာ အင်မတန် ကြီးကျယ်နေခဲ့ပါတယ်။ သည်နေ့ဆိုလျှင် မြူနီစီပါယ်မင်းကြီးလုပ်နေတဲ့ ဗိုလ်မှူးကြီး ထွန်း စိန်

ဆိုလျှင် သူကိုယ်တိုင် အမုန်းတီးခံပြီးတော့ တဲအိမ်ပြဿနာတွေ၊ အိုးအိမ် ပြဿနာတွေကို ဆောင်ရွက်နေပါတယ်။

တပြည်လုံးပြဿနာ

ရန်ကုန်မြို့တွင်မဟုတ်ဘဲ ဒါဟာ ဗမာပြည်တပြည်လုံးရဲ့ပြဿနာ ဖြစ်နေပါတယ်။ အဲသည်ပြဿနာနှင့် ကျန်းမာရေးပြဿနာတို့ ပညာရေး ပြဿနာတို့ လူမှုရေးပြဿနာတို့ဆိုတဲ့ အကြပ်အတည်း တွေကိုလည်း သည်နေ့တိုင်အောင် တိုင်းပြည်က ယုံပြီး ပုံအပ်ခြင်းခံရတဲ့ ပါလီမန် လွှတ်တော်ကြီးက ၁၀ နှစ်သက်တမ်း အတောအတွင်းမှာ ကျေနပ်လောက်အောင် ဘာမှမဖြေရှင်းနိုင်သေးပါဘူးဆိုတာကို တွေ့ရတယ်။

တရုပ်ဖြူရန်

ဥက္ကဋ္ဌကြီးခင်များ။ ။ဒါတွင်မကသေးဘဲ ဗိုလ်ချုပ်အောင်ဆန်းက ပြောခဲ့တယ်။ တို့တိုင်းပြည်ရဲ့မြေ တလက်မမျှ အကျူးအကျော် မခံရဆိုတဲ့ အဲသည် ဩဝါဒမိန့်ခွန်းကိုလည်း သည်နေ့အဖို့မှာ မေ့သလို ဖြစ်နေပါတယ်။တမျိုးသားလုံးရဲ့ လုံခြုံရေးဖြစ်တဲ့ ကျွန်တော်တို့ရဲ့ နယ်မြေပေါ်မှာ ကမ္ဘာ့စစ်ဘီလူးကြီးများဖြစ်တဲ့ အမေရိကန် အစိုးရရဲ့ ကြိုးကိုင်ချယ်လှယ်ခြင်း ခံနေရတဲ့ ကူမင်တန် တပ်များဟာ ဗမာ့နယ်မြေပေါ်မှာ ကျူးကျော်နေတဲ့ ကူမင်တန်တပ်များကို တိုင်းပြည်ကယုံပြီး ပုံအပ်ခြင်းခံရတဲ့ သည်ပါလီမန် လွှတ်တော်ကြီးက ဗမာ့မြေ တလက်မမဟုတ်ပါဘူး၊ အရှေ့ပိုင်း တပိုင်းလုံး လွှမ်းမိုးနေတဲ့ ကူမင်တန် ကျူးကျော်မှုပြဿနာကို သည်နေ့ပါလီမန်လွှတ်တော်ကြီးက မဖြေရှင်းနိုင်သေးပါဘူး။

အဲသည်လို အကြပ်အတည်းပေါင်းများစွာနှင့် ၁၀ နှစ်သက်တမ်း အတွင်းမှာ ရင်ဆိုင်နေခဲ့ရတဲ့ သည်ပြဿနာတွေဟာ ဖြေရှင်းပေးဘို့ တန်းလန်းကြီးဘဲရှိပါသေးတယ်။ ဘာမှကြေနပ်လောက်အောင် မဖြေရှင်းသေးပါဘူး။ သို့သော်လည်း ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးဟာ ပျက်သွားသလားဆိုတော့ မပျက်သေးပါဘူး။ ဘာကခံနေသလဲ ဆိုလျှင် ဘယ်အခြေခံ အင်အားနှင့် ခံနေသလဲဆိုလျှင် ဒီလွှတ်တော်ကြီးတခုလုံးက ပြည်ထောင်စုမြန်မာနိုင်ငံမှာ သည် အကြပ်အတည်းပေါင်းများစွာနှင့် ၁၀ နှစ် အတော အတွင်းမှာ ရင်ဆိုင် နေရပေမည့် ဘယ်အင်အားကခုခံနေသလဲဆိုလျှင် ကျွန်တော်တို့မှာ အင်အား ၃ ပါးရှိပါဘယ်၊ ကျွန်တော်တို့ အချင်းချင်း ကွဲပြီး သန့်ရှင်း ဖ-ဆ-ပ-လ၊ တည်မြဲ-ပမညဘ-ဆိုရှယ်နီ ဆိုပြီး ကွဲနေပေမည့် အယူအဆကွဲကြသော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံမှာ အကြပ်အတည်းပေါင်း များစွာနှင့် ရင်ဆိုင်နေရတဲ့ကြားထဲက သည်နေ့ထိအောင် ခံနိုင်ရည်ရှိနေတာက အင်အားကြီး ၃ ပါးရှိပါတယ်၊ တနည်းအားဖြင့်ဆိုလျှင် ကျွန်တော်တို့အင်အားရဲ့ အခြေခံ တရားကြီး ၃-ပါးပါဘဲ။

ပဌမ အင်အား

ဥက္ကဋ္ဌကြီးခင်ဗျား။ ။ပထမ အင်အားကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ တည်မြဲသေးနေတာဟာ ကျွန်တော်တို့ရဲ့ အင်အားတပါးပါ ။ဘယ်လောက်ဘဲ သဘောတွေကွဲလွဲနေပါစေ၊ ဘယ်လောက် အကြပ်အတည်းတွေ ရင်ဆိုင်နေပါစေ၊ ကျွန်တော်တို့ခံနိုင်ရည်အင်အားကတော့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တည်မြဲနေသေးတာဟာ ကျွန်တော်တို့ရဲ့ အင်အားဘဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ တည်မြဲတယ်ဆိုတာ ဘာတည်မြဲသလဲလို့

ပြန်စဉ်းစားဘို့လိုတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခန်း ၁၊ ပုဒ်မ ၃ မှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အချုပ်အခြာ အာဏာသည် နိုင်ငံသားတို့၌ တည်သည် ဆိုတဲ့ အင်အား ဖြစ်ပါတယ်။ ဒါဟာအနှစ်သာရ ဖြစ်ပါတယ်။ ဒါဟာဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အသည်းနှလုံးဖြစ်ပါတယ်။ သည်လို အဓိက အနှစ်သာရနှင့် အသည်းနှလုံးမပျောက်သေးသမျှ ပြည်ထောင်စု မြန်မာနိုင်ငံဟာ ဘယ်တော့မှ မပျက်နိုင်ပါဘူး။ ဒါကိုပဌမသေသေချာချာ ယုံကြည်ပါတယ်။ ဒါက ပဌမအင်အား ဖြစ်ပါတယ်။

ဒုတိယ အင်အား

ဒုတိယအင်အားကတော့ ကျွန်တော်တို့နိုင်ငံ ဖွဲ့စည်းပုံမှာ ကျွန်တော်တို့ရဲ့ အချုပ်အချာ အာဏာဟာ နိုင်ငံသားတို့မှာ တည်ရမည် ဆိုပြီးတဲ့နောက် သည်အာဏာကို ကျင့်သုံးတဲ့နေရာမှာ ပါလီမန် ဒီမိုကရေစီ စံနစ်ဖြစ်ပါတယ်။ သည်ပါလီမန် ဒီမိုကရေစီစံနစ်တည်တန့်နေသည်နှင့်အမျှ သည်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး မပျက်နိုင်သေးဘူးဆိုတာ အာမခံထားတဲ့ဒုတိယအင်အားဖြစ်ပါတယ်။ ပါလီမန် ဒီမိုကရေစီရဲ့ အနှစ်သာရ အသည်းနှလုံးဟာ ဘာလဲလို့ မေးစရာရှိပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအခန်း ၆ မှာ ပါလီမန် ဖွဲ့စည်းခြင်းနှင့် အခွင့်အာဏာဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်တကွ ပါလီမန် ဒီမိုကရေစီ ထုံးတမ်းစဉ်လာတွေဟာဖြင့် ဒုတိယ အင်အား ဖြစ်ပါတယ်။

အဓိက အင်အား

ဥက္ကဋ္ဌကြီးခင်ဗျား။ တလုံးတည်းဘဲ ချုပ်ပြောပါဆိုလျှင် နိုင်ငံတော်ရဲ့ အချုပ်အချာအာဏာကို ပါလီမန် လွှတ်တော်ကစုပေါင်း

ပြီး တိုင်းပြည်ကို တာဝန်ခံတာဟာဖြင့် ပါလီမန်ဒီမိုကရေစီရဲ့ အဓိက အင်္ဂါအားဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ သဘောက တိုင်းပြည်မှာ ဖြစ်ပျက်နေတာအားလုံးကို ကျွန်တော်တို့အားလုံးက စုပေါင်းတာဝန်ခံရမည် တိုင်းပြည်မှာဖြစ်ပေါ်နေတဲ့ အရှုပ်အရှင်း အားလုံးကို တိုင်းပြည်ကပေးတဲ့ အချုပ်အချာအာဏာအရ ရဲရဲတင်းတင်း သည်ပါလီမန် လွှတ်တော်က စုပေါင်းထိမ်းသိမ်းတာဝန်ခံနိုင်ရမည် ဆိုတဲ့ အချက်ဖြစ်ပါတယ်။ အဲသည်တော့ တိုင်းပြည်မှာ ဖြစ်တာကို ပါလီမန်က တာဝန်မခံရဲဘဲနှင့် ဘေးကအကြောင်းတစုံတခုကြောင့် လက်နက်နှင့်ဖြစ်စေ၊ စစ်တပ်နှင့်ဖြစ်စေ၊ ပါလီမန်လွှတ်တော်ကို ပါလီမန်က တာဝန်ခံနိုင်ပါလျက်နှင့်မခံနိုင်အောင်လုပ်လိုက်ခြင်းဟာ ဒုတိယအင်္ဂါအား ဒုတိယအနှစ်သာရအသည်းနှလုံးဟာ ကြွေကျသွားပြီဆိုတာ ဝမ်းနည်းစွာနှင့် မှတ်တမ်းတင်ရပါလိမ့်မည်။ ဒါဟာ ကျွန်တော်တို့ရဲ့ ဒုတိယအင်္ဂါအား ဖြစ်ပါတယ်။ သည်အင်္ဂါအား သည်နေ့ထိအောင် ဆက်လက်တည်နေဘမျှ ကာလပတ်သုံး ဘာအကြပ် အတည်းနှင့်ရင်ဆိုင်နေရနေရ ဘယ်တော့မှ ပြည်ထောင်စုကြီးဟာမပျက်နိုင်ဘူးလို့ ယုံကြည်ပါတယ်။

တတိယအင်္ဂါအား

ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအင်္ဂါအားရှိပါတယ်၊ ဒါကအခြား မဟုတ်ပါဘူး၊ ပဌမနှင့် ဒုတိယအင်္ဂါအားကို အခြေခံပြုပြီး သည်ပါလီမန် လွှတ်တော်ကနေပြီး တိုင်းပြည်ကိုတာဝန်ခံတဲ့ ပြည်သူ့ကိုယ်စားလှယ် အစိုးရကို သည်ပါလီမန် လွှတ်တော်က ရွေးကောက်ရမည် ဆိုတဲ့ သဘောပါဘဲ။ တနည်းအားဖြင့်ဆိုလျှင် ပါလီမန်လွှတ်တော်က ရွေးကောက် တင်မြှောက်တဲ့ အစိုးရကသာ တိုင်းပြည်ကိုအုပ်ချုပ်ပေးရမည်ဆိုတဲ့မှုဟာ ကျွန်တော်တို့ရဲ့ တတိယ အင်္ဂါအားကြီးဖြစ်ပါ

တမ်း[illegible]သည့်အခွင့်အရေး[illegible]တွေဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အခြေခံ[illegible]ဥပဒေ[illegible]ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အင်္ဂါကြီး[illegible]တို့ မပျက်စီးအောင် ထိမ်းသိမ်းဖို့က သည်ပါလီမန်ရဲ့ [illegible]ဖြစ်ပါတယ်။ မေးစရာရှိပါတယ်။ သည်နေ့ပါလီမန်ဒီမိုကရေစီမှာ ယခုတွေ့ကြုံရ[illegible]အခက်အခဲ အတည်းတွေကို ကြိုးစားပြီး ဖြေရှင်းတဲ့ နေရာမှာ ဘာဖြစ်လို့ မဖြေရှင်းနိုင်သေးသလဲလို့ မေးရန်[illegible] ပြည့်ဝစွာ မဖြေရှင်းနိုင်သေးတာသာဖြစ်ပါတယ်။ ကြိုးစားပြီး ဖြေရှင်းနေကြပါတယ်[illegible] လက်တွေ့သာဓကတခု ပြပါမည်။ အကယ်၍သာ [illegible] သည်နေ့ပါလီမန်ဒီမိုကရေစီစံနှုန်း[illegible] [illegible] ယုံကြည်ပါတယ်[illegible] သာဓကတခုပြပါမည်။

[illegible] ([illegible]) ဥက္ကဋ္ဌကြီးခင်ဗျား [illegible] မြန်မာနိုင်ငံ[illegible] ပြောနေပါတော့[illegible]

ဒီမိုကရေစီဘောင်

[illegible] ([illegible]) ဥက္ကဋ္ဌကြီးခင်ဗျား ဒါက Constitutional Crisis [illegible] ကျွန်တော်တို့ မြန်မာနိုင်ငံ မှာ [illegible] ပါလီမန်ဒီမိုကရေစီရဲ့ [illegible] ပြည် [illegible] ယုံကြည်[illegible] ပါလီမန် ဒီမိုကရေစီ တည်မြဲ

အောင် ကျွန်တော်တို့က ဟဖွှဖွှ တောင်းဆိုနေရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်များ၊ မေးစရာတခုတော့ရှိပါတယ်။ ဓာဒကတက်စရာ ရှိပါတယ်။ ပ-မ-ည-တအဖွဲ့ထဲမှာ တချို့ကမာ့က်(စ်)ဝါဒ-လီနင် ဝါဒကို ကိုးကွယ်နှစ်သက်တယ်။ ယုံကြည်တယ်။ တနည်းအားဖြင့် ကွန်မြူနစ်ဝါဒကို ယုံကြည်သူများလည်းရှိကြတယ်။

မာ့(က်)စ် ယုံကြည်သူအနေနဲ့

အဲသည့် ကွန်မြူနစ်ဝါဒ ယုံကြည်သူများဟာ ပါလီမန်ဒီမိုကရေစီကို ယုံကြည်ရဲ့လားလို့ သည်လိုဓာဒက တက်စရာရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာလည်း မာ့က်(စ်)ဝါဒကိုယုံကြည်တဲ့သူတယောက်ဖြစ်တဲ့အတိုင်း သည်မေးခွန်းကို လေးလေးနက်နက်ဖြေကြားလိုပါတယ်။ နံပါတ်(၁)က မာ့က်(စ်)ဝါဒကို ယုံကြည်တဲ့သူများသည် တိုးတက်မှုကို အစဉ်သဖြင့် ရှေ့ရှုပါတယ်။ ဟောင်းနွမ်းတဲ့ သဘောတရားကို ရှုံ့ရှာပြီး၊ တိုးတက်တဲ့ သဘောတရားကို အစဉ်သဖြင့် ဗိုက်တွေးပါတယ်။ ဒါကမာ့က်(စ်)ဝါဒရဲ့အခြေခံ သဘောတရားပါဘဲ။ Be objective and Look Forward ဆိုတဲ့ လက်သုံးဟာ မာ့က်(စ်)ဝါဒ သမားများရဲ့ ကြွေးကြော်သံဖြစ်ပါတယ်။ ဒါဖြင့်လျှင် ပါလီမန်ဒီမိုကရေစီဟာ ဆုတ်ယုတ်တဲ့သဘောလား၊ တိုးတက်တဲ့ သဘောလား၊ ကျွန်တော်တို့ဟာ ဘဝ ၂-ခုကို ကျော်လွှားခဲ့ရပါတယ်။ သက်ဦးဆံပိုင် ပဒေသရာဇ်စံနစ်ဘဝမှာ နေခဲ့ရပါတယ်။ နောက်ကိုလိုနီကျွန်ဘဝမှာနေခဲ့ရပါတယ်။ ဒဲသည့်လို သက်ဦးဆံပိုင် ဘဝမှာ ရရှိခဲ့တဲ့ အခွင့်အရေးများ၊ ကိုလိုနီကျွန်ဘဝမှာ ရရှိခဲ့တဲ့အခွင့်အရေးများထက် သည်နေ့ ပါလီမန်ကြီးရော၊ လူမျိုးစုလွှတ်တော်နှင့်ရော သမတကြီးစသဖြင့် ဒါတွေနှင့် နှိုင်းယှဉ်ကြည့်လျှင် အများကြီးတိုးတက်လာပါတယ်။ အဲသည့်လို တိုးတက်

လာတဲ့ပါလီမန် ဒီမိုကရေစီကို မာ့က်(စ်)ဝါဒသမားများဟာ ယုံကြည် လက်ခံကြပါတယ်။ ဒါဟာပဌမ အင်္ဂါရပ်ဖြစ်ပါတယ်။

ပါလီမန်ဒီမိုကရေစီ

နောက်ဒုတိယ အင်္ဂါရပ်ကတော့လဲဆိုလျှင်၊ မာ့က်(စ်)ဝါဒသမား ယုံကြည်တာက ကျွန်တော်တို့ရဲ့ အမျိုးသားလွတ်လပ်ရေးကို ထိမ်းသိမ်း ကာကွယ်ရမည်၊ အမျိုးသား လွတ်လပ်ရေးကို ကာကွယ်ချင်တယ် ဆိုလျှင်၊ အမျိုးသားညီညွတ်ရေးကြီးလိုပါတယ်။ အမျိုးသားညီညွတ်ရေး လိုတယ်ဆိုလျှင်၊ ငြိမ်းချမ်းရေး တည်ဆောက်ရပါလိမ့်မည်။ ငြိမ်းချမ်းရေး တည်ဆောက်ဘို့လိုတယ်ဆိုလျှင်၊ လက်နက်နှင့် တည်ဆောက်လျှင် ဘယ်တော့မှမီးမငြိမ်းဘူး။ ပါလီမန်ဒီမိုကရေစီနှင့် တည်ဆောက်မှသာ သည်မီးဟာအပြီးသတ်ငြိမ်းမယ်ဆိုတာ ကျွန်တော် လိုက်လဲစွာယုံကြည်ပါတယ်၊ ဒါကြောင့် ပါလီမန် ဒီမိုကရေစီကို ယုံကြည်တာဟာ သည်ဒုတိယ အကြောင်းကြောင့်ယုံကြည်ခြင်း ဖြစ်ပါတယ်။

နောက်ဒုတိယ အချက်အနေနှင့် ပါလီမန် ဒီမိုကရေစီကို ဘာကြောင့်ယုံကြည်သလဲဆိုလျှင် ကမ္ဘာကြီးရဲ့ သည်နေ့ အနေအထား အရသော်ငင်း၊ ဗမာပြည်ရဲ့ အနေအထားအရသော်ငင်း၊ ကျွန်တော်အကျယ်တဝင့် အစီရင်မခံပါရစေနှင့်။ ဆိုရှယ်လစ်စံနစ်ကို ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်မည့် အလားအလာ ရှိနေပြီလို့ လိုက်လိုက်လဲလဲ ယုံကြည်ပါတယ်။ အဲသည့်လို လိုက်လိုက်လဲလဲ ယုံကြည်တဲ့အတိုင်း ဆိုရှယ်လစ်စံနစ်ကို ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ဘို့အတွက် ဗမာပြည်မှာ ပါလီမန်ဒီမိုကရေစီစံနစ်ကို ပြည့်ပြည့် ဝဝ ကျယ်ကျယ် ဝန်းဝန်း ပြန့်ပွားဘို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ ပါလီမန်ဒီမိုကရေစီကိုယုံတဲ့ လူတယောက်ဖြစ်ပါတယ်၊ ဒါတောင်မှသံသယ ရှိပါသေးတယ်ဆိုလျှင်၊ ဥက္ကဋ္ဌကြီးမှတဆင့် ဗိုလ်ချုပ်ကြီးနေဝင်းအပါ

အဝင် ၅၅ လွှတ်တော်ကို ပမညတကက ကျေငြာလိုက်ချင်ပါတယ်။ လွတ်လပ်ရေးကျောက်တိုင်ကြီးပေါ်မှာ တည်မြဲ - သန့်ရှင်း - ပမညတ အဓိပ္ပာယ်ရှိတဲ့ အင်အားစုများဟာ ဆိုရှယ်လစ် စီးပွားရေးစံနစ်ကို ပါလီမန် ဒီမိုကရေစီဘောင်အတွင်းမှာ ငြိမ်းချမ်းစွာ ကူးပြောင်းကြရအောင် လွတ်လပ်ရေးကျောက်တိုင်ကြီးမှာ ပေထက် အကျွန်ုပ်တို့ စာချုပ်ကြပါစို့လို့ ကျေညာလို ပါတယ်။

ဘေးဆိုးကြီး

ဥက္ကဋ္ဌကြီးခင်ဗျား၊ သည်လို ကျွန်တော်တို့က ပိုကြည့်တဲ့ အတိုင်း ပါလီမန်ဒီမိုကရေစီစံနစ်နှင့် ပြည်ထောင်စု ဗမာနိုင်ငံရဲ့ အခြေအနေအရ သည်အခြေခံ အင်အားကြီး ၃ ရပ် မပျက်စီးသေးသမျှ ကျွန်တော်တို့ဟာ ရရင့်လျက်ဘဲ ရှိနေပါတယ်။ အဲသည်လိုရှင်လျက်ရှိနေစဉ် ကာလအတွင်းမှာ သည်အခြေခံကြီး ၃ ပါးကို ထိခိုက်စေတဲ့ ဘေးဆိုးကြီး တခုဆိုက်ရောက်လာပြီဆိုတာဝမ်းနည်းစွာနှင့် ဖော်ပြလိုပါတယ်။ သည်အခြေခံတရားကြီး ၃ ပါးပျက်စီးစေတဲ့ ဘေးဟာ ဘယ်လိုဆိုက်ရောက်လာသလဲဆိုတာကို ကျွန်တော်အကျဉ်းချုပ်တင်ပြပါမည်။ ဘယ်ဟာနဲ့က ဘယ်လိုလဲဆိုလျှင် အားလုံးသိတဲ့ အတိုင်းဘဲ ဖဆပလ ၂ ခြမ်းကွဲခဲ့ပါတယ်။

တိုင်းပြည်ရဲ့ဆန္ဒ

သန့်ရှင်း တည်မြဲဆိုပြီး သည်လို ဖဆပလ ၂ ခြမ်းကွဲတာနှင့် တပြိုင်နက် ဥက္ကဋ္ဌကြီး လည်း မှတ်မိပါလိမ့်မည်။ မိတ်ဆွေတို့ကိုလည်း မှတ်မိပါလိမ့်မည်။ သည်လွှတ်တော်အမတ်များလည်း မှတ်မိပါလိမ့်မည်။ ပမညတက ဒုံးသေပြုးပဋ္ဌမဆုံ တောင်းဆိုချက်က ရွေးကောက်ပွဲ ဖြစ်ပါတယ်။ အာကြောင့်လဲဆိုလျှင် ဖဆပလ ၂ ခြမ်းကွဲတာ တိုင်းပြည်မှာ ဖဆပလအကွဲကြီးဖြစ်နေမှု တိုင်းပြည်ရဲ့ ဆန္ဒကို ခံယူ

ပါတယ်၊ သည့်နောက် ၂ ခြမ်းကွဲခဲ့ပါတယ်၊ တပ်ပေါင်းစုခြမ်းမှ ခိုင်မာတောင့်တင်းတဲ့ အစိုးရ ဖွဲ့နိုင်တဲ့ အခြေအနေမျိုး ရောက်ခဲ့ပါတယ်၊ ဒါကြောင့် ပ-မ-ည-တ ရဲ့ ပဋ္ဌမဆုံး တောင်းဆိုချက်က နိုင်ငံမှာ ရှိတဲ့ မြည်သူတွေက ဆုံးဖြတ်ပြီးအစ ဆန္ဒမပြုနိုင်တဲ့ ဤပါလီမန်လွှတ်တော်ကြီးကိုဖျက်သိမ်းပါ၊ အထွေထွေရွေးကောက်ပွဲကြီးကို အမြန်ဆုံး ကျင်းပပေးပါလို့ ပ-မ-ည-တ သဘောထားအဖွဲ့က ဆုံးဖြတ်ချက်ချပြီး နိုင်ငံကိုကြေညာခဲ့တာ မှတ်မိပါလိမ့်မည်။ သို့သော်လည်း သည်ဟာ အကောင်အထည်ဖော်ခဲ့ပါဘူး၊ တည်မြဲနှင့် သန့်ရှင်းဆိုပြီး ပါလီမန်လွှတ်တော်ထဲမှာ အာဏာလုပွဲ ဆင်နွှဲခဲ့ကြပါတယ်၊ သည်လို အချိန်အခါမှာ ပ-မ-ည-တ ဟာ ဘယ်ဖက်မှ မပါ၊ သည်အတက်မှဲလိုက်အဲကြားနေလို့ မရကောင်းပါဘူး၊ ပါလီမန်ဒီမိုကရေစီ ဆုံးတမ်း ဆဥ်သာအတိုင်း၊ မိမိတို့ယုံကြည်ရာဘက်ကို မဲပေးရပါတယ်။

တယောက်တမဲပါတ်

သခင်ဘသက်(ဘိုကလေး-တောင်ပိုင်း)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ကျွန်ုပ်တော်တို့ ဝင်ပေါင်းလိုက်တယ်လို့ မပြောပါနဲ့။

မြန်မာဒီမိုကရက်မြှင့်ရေး (အာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဘယ်ဖက်မှ ကြဲနိုမခံနိုင်ဘူး၊ ခံမိတာနဲ့ပြစ်သွားခဲ့ပါတယ်၊ ဒါကြောင့် ဖ-ဆ-ပ-လ ၂ ခြမ်းကွဲပြီးတဲ့ နောက်ရွေးကောက်ပွဲကိုတောင်းဆိုလို့ မရတဲ့ အာဏာလုပွဲ ဆင်နွှဲတဲ့အခါမှာ ပ-မ-ည-တ ဟာ ငြိမ်းချမ်းရေးဒွိုင်ဆိုးအနေလဲကိုရင်၊ ဒီမိုကရေစီ အလေးအလေ့ကိုရင်၊ မြေလုံးစွဲမြဲ သန့်ရှင်းကို မဲပေးခဲ့ပါတယ်၊ ပ-မ-ည-တ အဖွဲ့ဟာ ရာရေးထက် မူရေးကို ဦးစားပေးခဲ့ပါတယ်၊ လူရေးကိုသာ အဓိကထားမည်ဆိုလျှင် ကျွန်တော်တို့ တယောက်အနေနှင့်မှနတဲ့ အတိုင်း၊ မပြောရလျှင် ခြိမ်းခြောက်မဲ မပေးခဲ့ပြီးဘာဘဲပါ၊ သို့သော်လည်း ဒါတော့မဖြစ်နိုင်ပါ

ဘူး၊ မှုကိုဘဲ အဓိကထားရပါတယ်။

ဦးထွန်းအောင်(ဒိုက်ဦး)။ ။ဟိုအခါတုန်းက ဦးနုကို မဲပေးခဲ့ပါတယ်။

သခင်ချစ်မောင်(ကြံခင်း)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ မှုကိုသတ်မှတ်ပြီး မဲပေးတဲ့အတွက် ဖ-ဆ-ပ-လ နှစ်ခြမ်းကွဲတယ်ဆိုတာသတိပြုပါ။

ဦးထွန်းအောင် (ဒိုက်ဦး)။ ။ဖ ဆ ပ လ ၂ ခြမ်းကွဲဒါဟာ ပ မ ည တ မြှောက်ပေးလို့ ကွဲတာပါ။

ဗိုလ်ဘအောင်(ပဲခူး-မြောက်ပိုင်း)။ ။စေ့စုမတည့်လို့ကွဲတာပါ။

ဦးသိန်းဖေမြင့်(ဘုတလင်)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဖ ဆ ပ လ ၂ ခြမ်းကွဲတာဟာ ပ မ ည တ မြှောက်ပေးလို့ ဆိုလျှင် ဖဆပလဟာ သနားစရာပါဘဲ၊ (ရယ်သံများ)။

ဦးထွန်းအောင်(ဒိုက်ဦး)။ ။ဦးသိန်းဖေမြင့်လက်ရာအများကြီးပါပါတယ်လို့ထင်ပါတယ်။

လူရေးနဲ့မှုရေး

သခင်ချစ်မောင်(သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊သန့်ရှင်း ဖ ဆ ပ လ အစိုးရဖြစ်ပြီးနောက် ၃ လအကြာမှာ တိုင်းပြည်မှာ ရုတ်ရုတ်ယက်ယက်ဖြစ်ပြီးနောက် ဗိုလ်ချုပ် နေဝင်းနှင့် ဦးနုတို့ရဲ့ အာဏာလွှဲပြောင်းမှုဖြစ်ခဲ့တယ်၊ သည်လိုအာဏာ အလွှဲအပြောင်းဖြစ်တဲ့အခါမှာ ဒီမိုကရေစီ အစဉ်အလာနှင့် ဆန့်ကျင်ပြီး ဗိုလ်ချုပ်နေဝင်းအစိုးရတက်လာတဲ့အတွက် ကျွန်တော်တို့ မှုအားဖြင့်အလေးအနက်ကန့်ကွက်ခဲ့ပါတယ်၊ သည်နေရာမှာ လူရေးထက် မှုရေးကို ပ မ ည တ ဟာ ဖြတ်ဖြတ်သားသား ခြားနားခဲ့ပါတယ်၊ ဗိုလ်ချုပ်နေဝင်းကို ရာဇဝင်တလျှောက်လုံးမှာ ယုံကြည်ခဲ့ပါတယ်၊ အင်မတန်ယုံကြည်နိုင်တဲ့ပုဂ္ဂိုလ်တယောက်လည်း ဖြစ်ပါတယ်၊ သို့သော်လည်း

လူရေးနှင့်မှုရေးတိုက်ပွဲဆင်တဲ့အခါမှာ မှုရေးကို ရှေ့ရှုပြီး အလေးအနက်ကန့်ကွက်ခဲ့ပါသော်လည်း ဗိုလ်ချုပ်နေဝင်းနှင့်ဦးနုတို့အာဏာလွှဲပြောင်းတာဟာစည်းကမ်းနှင့်အာဏာလွှဲပြောင်းတယ်လို့ယုံကြည်ခဲ့ပါတယ်၊ ဘယ်လိုစည်းကမ်းရှိသလဲဆိုလျှင် ၁၉၅၉ ခုနှစ်၊ ဧပြီလ ၆ လအတွင်း ရွေးကောက်ပွဲကျင်းပပေးပါမည်ဆိုတဲ့ကတိနှင့်အခြားကတိကြီး ၅ ချက်အပါအဝင် ကတိ ၆ ချက်ကိုမှုအားဖြင့် ကျွန်တော်တို့ဆွေးနွေးထောက်ခံခဲ့ပါတယ်၊သည်အတိုင်းဘဲဆောင်ရွက်မည်လို့ ပ မ ည တ အနေနှင့် တိုင်းပြည်ကို အတိအလင်းကျေညာချက်ထုတ်ပြန်ခဲ့ပါတယ်၊ သို့သော်လည်း ၆ လစေ့ကာနီး ၃ လ ကျော်တဲ့အချိန်မှာ သည်ကတိအတိုင်း မလုပ်ပေးနိုင်ဘူးဆိုပြီးတော့ ၁၃ ရက်နေ့က လွှတ်တော်မှာ ကျေညာခဲ့တဲ့အတိုင်း အစိုးရအဖွဲ့မှ နုတ်ထွက်သွားပါတယ်၊ သည်လို နုတ်ထွက်သွားတဲ့အခါမှာ ပါလီမန်လွှတ်တော်ကို အကြပ်အတည်းကြီး ၃ ခု ပေးခဲ့ပါတယ်၊ အကယ်၍သာသည်ကတိအတိုင်း ရွေးကောက်ပွဲကျင်းပဘို့အတွက်ဝန်ခံတဲ့အတိုင်း မဖြစ်နိုင်ဘူး၊ ဒါကြောင့် ဒီပါလီမန် လွှတ်တော်ကြီးက ကြိုက်သလိုဆုံးဖြတ်ကြပါ၊ သည်ပါလီမန်လွှတ်တော်ကြီးက ဆုံးဖြတ်တဲ့အတိုင်း ကျွန်တော်တို့ဟာ စစ်ဦးစီး ခေါင်းဆောင် အနေနှင့် တသွေမတိမ်းလိုက်နာဆောင်ရွက်ပါမည်ဆိုပြီး ဖြတ်ထားလျှင် ပါလီမန် ဒီမိုကရေစီအစဉ်အလာအရအပြည့်အဝဖြစ်ပေါ်လာတဲ့အကြောင်းတရားကြီးပါဘဲ၊ သို့သော်လည်း ဗိုလ်ချုပ် နေဝင်းဟာ ပါလီမန်လွှတ်တော်ကိုအကြပ်အတည်းကြီး ၃ ခုပေးခဲ့ပါတယ်၊ ဒါကဘာလဲဆိုလျှင် ဥက္ကဋ္ဌကြီးခင်ဗျား၊ကျွန်တော်ပွင့်ပွင့်လင်းလင်းဘဲပြောပါမည်၊ပဌမအကြပ်အတည်းကဧပြီလမတိုင်မီ ရွေးကောက်ပွဲတယ်နည်းနှင့်မျှမကျင်းပနိုင်ဘူး၊ ကျင်းပနိုင်တဲ့ အခြေအနေမရှိဘူး၊ အကယ်၍ဤပါလီမန်လွှတ်တော်က ဆုံးဖြတ်လျှင် အစိုးရအဖွဲ့ကနုတ်ထွက်ပြီးသားဖြစ်တဲ့

အတိုင်း သူဟာ ဘယ်နည်းနှင့်မျှ တာဝန် မခံနိုင်ဘူးဆိုပြီး သူ့ညီကို ပြောဆိုခြင်းသည် ပဌမအကြောင်းအတည် ဖြစ်ပါတယ်။

ဘုရင်အသက်(ထိုကာရေး-တောင်သမိန်း)။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ရွေးကောက်ပွဲ ရွေးကောက်ပွဲဆိုတာ ဘယ်လို ရွေးကောက်ပွဲမျိုးလဲ ဆိုတာ ခေါ်ပြီး တောင်းပါတယ်။ လွှတ်လပ်ပြီး ရာဇဝတ်ကင်းတဲ့ ရွေးကောက်ပွဲရှိပါတယ်။ ဒါကို ရွေးကောက်ပွဲဆိုပြီး သုံးနှုန်းတော့ သုံးသွားပါတယ်။

ပဌမအကြောင်း

သက်ဆိုင်ရာအပိုင်းမှာ ပေါ်ပါလိမ့်မည်။ ပထမအကြောင်းအတည်း၊ ရွေးချ ကောက်ပွဲ ဗိုလ်ချုပ်နေဝင်းတာ ဘယ်သူလဲဆိုတာ မြန်မာနိုင်ငံကြီး သိထားပါတယ်။ ဗိုလ်ကြီး ဖြစ်ခဲ့မှာရှိနေတဲ့ နိုင်ငံတော်သည် စစ်သည်တော်တသိန်းခွဲ ကျော်ပေါ်မှာ ရပ်တည်ထားတဲ့ နိုင်ငံမှာ လက်နက်ကိုင် အင်အားစု များပေါ်မှာ ရပ်တည်၊ အင်မတန်ကြီးထွားတဲ့ ဗိုလ်ချုပ်ကြီးဖြစ်ပါ တယ်၊ သည်လို ကြီးထွားသော ဗိုလ်ချုပ်ကြီးက သည်လိုမျိုး လွှတ်တော်က ရွေးကောက်ပွဲ ကျင်းပမည်လို့ ဆုံးဖြတ်လျှင်လည်း တာ ဝန်မခံနိုင်ဘူးလို့ ဆိုရာရောက်နေပါတယ်။ ဘယ်သူက တာဝန် ခံနိုင် တာလဲဆိုတော့ အစိုးရအဖွဲ့ နဲ့ ဝန်ကြီးတွေ မခံနိုင်ဘူးလို့ ဆိုထားပါတယ်။ စေ့စေ့ကြည့်တော့ အစိုးရခင်ဗျားတို့ စစ်သည်တော် တသိန်းကျော် နှင့်တကွ လက်နက်ကိုင်အင်အားစုများပေါ်မှာ အင်မတန်ကြီးထွား ပြောင်းရွှေ့ ဗိုလ်ချုပ်ကြီး ဖြစ်ပါတယ်။ သည်လို ဗိုလ်ချုပ်ကြီးကိုယ်တိုင် က တာဝန်မခံနိုင်တဲ့ ရွေးကောက်ပွဲကို သည်ပါလီမန် ဆွေးနွေးစရာ လုပ်ပေးရမည်လော၊ မလုပ်ပေးရမည်လော ဆိုတဲ့ အခြေအနေ အင်မတန်ကြီး ကျယ်တဲ့ အကြောင်းအတည်း ဖြစ်ပါတယ်။

ဒုတိယအကြောင်း

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒုတိယအကြောင်းကိုင်ခဲ့တာရှိပါသေးတယ်။ ဘယ် လို အကြောင်းကိုင်ခဲ့သလဲ ဆိုလျှင် သည်အချိန် သည် အခြေအနေမှာ သောင်းကျန်းသူတွေရဲ့ အခြေအနေဟာ ပြေလွှားနေရတဲ့ အခြေအ နေမှာ ဆက်တိုက် သုတ်သင် ရှင်းလင်းပစ်ဘို့ လိုပါတယ်၊ သည်လို သုတ်သင်ရှင်းလင်း၊ စ်ရမည့်ကာလမှာ ရွေးကောက်ပွဲကျင်းပမည် ဆို လျှင် ထိုထိုသော စစ်သည်တော်များကို ပြန်လည်ရုပ်သိမ်း ရပါလိမ့် မည်၊ အဲသည်လိုပြန်လည်ရုပ်သိမ်းတယ်ဆိုလျှင် သူဟာ စစ်သားတာ ယောက်အနေနှင့်မြင်ရလျှင် ရွေးကောက်ပွဲ ကျင်းပဘို့ သဘောသည် ပင်လျှင် သူပုန်များကိုအားပေးတဲ့ သဘော သက်ရောက်ပါလိမ့်မည်၊ တာမျိုးကိုမလုပ်သင့်ဘူးလို့ ဆိုထားပါတယ်၊ အဓိပ္ပါယ်က ဘာလဲဆို လျှင် ရွေးကောက်ပွဲကို တောင်းဆိုနေသူပင်လျှင် သူပုန်အားပေးတဲ့ သဘော သက်ရောက်စေပါတယ်၊ အဲသည်လို ဗိုလ်ချုပ်ကြီးက ကျွန် တော်တို့ကို အကြောင်းကိုင်ခဲ့ပါတယ်၊ အဲသည်ဗိုလ်ချုပ်ကြီးက ဘယ်လို ဗိုလ်ချုပ်ကြီးလဲဆိုတာ မြန်ပြီးစစ်ဆေးဘို့လိုပါတယ်။ စစ်သည်တော် တသိန်းကျော်နှင့်တကွ လက်နက်ကိုင်အင်အားစုများပေါ်မှာ ဩဇာ ညောင်းတဲ့ ဗိုလ်ချုပ်ကြီးက ဤမျှသော တခွန်းကလေးပြောလိုက်ရုံမျှ နှင့် ပါလီမန်လွှတ်တော်ကြီးရဲ့ လွှတ်လပ်ခွင့်ကိုအများကြီးထိပါးစေ ပါတယ်။

ဦးစံပြည့်(တောင်သာ)ဥက္ကဋ္ဌကြီးခင်ဗျား၊ ဗိုလ်ချုပ်ကြီး နေဝင်း ဟာ စစ်သည်တော်တသိန်းအပေါ်မှာသာ ဩဇာညောင်းတာမဟုတ် ပါဘူး၊ သန်းပေါင်း ၂၀ ကျော်ရှိတဲ့ လူဦးရေပေါ်မှာဩဇာညောင်း ပြီးယုံကြည်နေရတဲ့ ဗိုလ်ချုပ်ကြီးဆိုတာ ယခုပြောနေတဲ့ အမတ်မင်း များအသိဖြစ်ပါတယ်။

သခင်ချစ်မောင်(သာယာဝတီ)ဥက္ကဋ္ဌကြီးခင်များ၊ သည့်ပြဿနာ မပေါ်ပါဘူး။

တတိယအကြပ်

ဥက္ကဋ္ဌကြီးခင်များ၊ တတိယအကြပ်ကိုင်ချက်ရှိပါသေးတယ်၊ ဘယ်လိုလဲဆိုလျှင် သည်ပါလီမန်လွှတ်တော်ကသာ ဆုံးဖြတ်ပြီးတော့ တင်လိုက်တဲ့ အစိုးရကို စစ်သည်တော်များကိုဦးစီးဦးကိုင်လုပ်ပြီး သကာလ ပါလီမန်လွှတ်တော်ကရွေးကောက်တင်မြှောက်လိုက်တဲ့ အစိုးရရဲ့ အမိန့်ဩဇာအတိုင်း တသွေမတိမ်းနာခံပါမယ်လို့ မိန့်ခွန်း တနေရာမှာ ဖေါ်ပြတဲ့အတိုင်း ရပ်လိုက်လျှင်သည့်ပြဿနာ မပေါ်ပါဘူး၊ တတိယအကြပ်ကိုင်တဲ့ပြဿနာမပေါ်ပါဘူး၊ ဘယ်လိုလဲဆိုလျှင် ကျွန်တော့ကိုလိုလားပါသေးလျှင် ပုဒ်မ ၁၁၆ ကိုပြင်ပါ၊ ပုဒ်မ ၁၁၆ ကိုပြင်ပေးမှ ကျွန်တော်ဟာ ဝန်ကြီးချုပ်အဖြစ်ဆက်လက်လုပ်ဆောင်နိုင်ပါလိမ့်မည်လို့ တတိယအကြပ်ကိုင်ခဲ့ပါတယ်၊

ဩဇာညောင်းတဲ့ဗိုလ်ချုပ်

ဥက္ကဋ္ဌကြီးခင်များ၊ သည်တော့ စဉ်းစားစရာ ဖြစ်ပါတယ်၊ ကျွန်တော်ယခုတွင်က အစီရင်ခံခဲ့တဲ့အတိုင်း ဗိုလ်ချုပ်ကြီး နေဝင်းဟာ စစ်သည်တော်တသိန်းကျော်နှင့်လက်နက်ကိုင်အင်အားစုများအပေါ်မှာ ဩဇာညောင်းတဲ့ ဗိုလ်ချုပ်ကြီးပါ၊ ဤပါလီမန် လွှတ်တော်က ကျွန်တော့ကိုလိုလားသေးလျှင်ဆိုရင်၊ လိုလားပြန်လည်းအကြပ် မလိုလားပြန်လျှင်လည်းအကြပ်နှင့်အများကြီး ဒုက္ခပေးတဲ့ အကြပ် အတည်းဖြစ်ပါတယ်။

သတ္တိရှိရင်ရှင်းရှင်းပြောပါ

ဗိုလ်ခင်မောင်ကလေး၊ (မန္တလေးမြောက်ပိုင်း) ဥက္ကဋ္ဌကြီးခင်များ၊ ပမညတတွေသတ္တိရှိတယ်ဆိုလျှင်ရှင်းရှင်းပြောပါ၊ ကြပ်တယ် မကြပ်ဘူးဆိုတာ ပြောစရာမလိုပါဘူး။

သခင်ချစ်မောင်၊ (သာယာဝတီ)၊ ဥက္ကဋ္ဌကြီးခင်များ၊ ပမညတ သတ္တိရှိဒါမရှိဒါနှင့်မဆိုင်ပါဘူး၊ ပါလီမန်ဒီမိုကရေစီ ဘောင်ကြီး မရွေ့ရှားရအောင်ကျွန်တော်ကြိုးစားပြီးအစီရင်ခံနေခြင်းဖြစ်ပါတယ်၊

ဆရာများသားသေ

ဥက္ကဋ္ဌကြီးခင်များ၊ အဲဒါကြောင့်သည်နေ့ သည်အချိန်အခါမှာ အဲသည် အကြပ်အတည်းကြီး ၃ ခုနှင့်ရင်ဆိုင်တွေ့ကြုံ နေရခြင်းဖြစ်ပါတယ်၊ တပိုင်းစီပြန်ကြည့်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အခြေခံ အင်အားကြီး ၃ ရပ်စလုံးကိုပါ လာရောက် ထိခိုက် စေပါတယ်၊ စောစောကကျွန်တော်အစီရင်ခံတဲ့အတိုင်း အုပ်ချုပ်ပုံအခြေခံဥပဒေရဲ့ အနှစ်သာရ ဖြစ်တဲ့ နိုင်ငံတော်ရဲ့ အချုပ်အချာ အာဏာသည် နိုင်ငံတော်သူ နိုင်ငံတော်သားများ အပေါ်မှာ တည်သည် ဆိုတဲ့ သဘောကို ကျင့်သုံးရန်အတွက် သည်ပါလီမန် လွှတ်တော်ကြီးက ရွေးကောက်ပွဲကျင်းပဘို့ ဆုံးဖြတ်လျှင် ယခုတွင်က အကြပ်အတည်း နှင့်သာရင်ဆိုင်နေရပါတယ်၊ သည့်လိုရင်ဆိုင်နေရတဲ့အတွက် ပါလီမန်လွှတ်တော်ကြီးက လျော့ပေးလိုက်လျှင်လည်း နိုင်ငံတော်မှာ ဖြစ်ပေါ်နေတဲ့ ပြဿနာတွေကိုတဖွဲ့ကောင်း၊ တပါတီကောင်း၊ တပုဂ္ဂိုလ်ကောင်းသဘော လူမမာကို လက်တည့် စမ်းတဲ့သဘော၊ ဆရာများ သားသေတဲ့သဘောမျိုးလုပ်နေလျှင် တိုင်းသူပြည်သား လူအများရဲ့ ဆန္ဒကိုပယ်ဖျက်ရာရောက်ပါလိမ့်မည်၊ တိုင်းပြည်မှာဖြစ်ပေါ်နေတဲ့ ပြဿနာတွေဟာ ဥက္ကဋ္ဌကြီးနှင့်တကွ ဗိုလ်ချုပ်ကြီး နေဝင်း လွှတ်

တော်အမတ်မင်းအားလုံးနှင့်သာဆိုင်တဲ့ ပြဿနာမဟုတ်ပါဘူး၊ အများကြီးသတိရှိဘို့လိုပါတယ်၊သည့်နေ့တွေ့ကြုံနေရတဲ့ ပြဿနာသည် နိုင်ငံတော်သူနိုင်ငံတော်သား သန်း ၂၀ တို့ရဲ့ ပြဿနာ ဖြစ်ပါတယ်၊ သည်ပြဿနာကြီးကို တမွဲ၊ တဝါဒီ၊ တပုဂ္ဂိုလ်ကောင်းနှင့်ဖြေရှင်းနေတာထက် သန်း ၂၀ ကိုလွှဲအပ်ပြီးဖြေရှင်းခြင်းသည် The Most Democratic Solution ပါဘဲ၊ ဒီမိုကရေစီအကျ ဆုံးဖြေရှင်းချက်ကြီးဖြစ်ပါလိမ့်မည်၊ အဲတာကြီးကို မလုပ်နိုင်ခြင်း သည်ပင်လျှင် ကျွန်တော်တို့ရဲ့ ပဋ္ဌမအင်အားကိုပျက်ပြားစေခြင်း ဖြစ်ပါတယ်။

သခင်မသိန်း(အမရပူရ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ အမတ်မင်းက သန်း ၂၀ ကို လွှဲအပ်စေချင်တယ်ဆိုတာ ဘယ်ရက်ကို လွှဲစေချင်တယ်လို့ ဆိုလိုပါသလဲ။

သခင်ချစ်မောင်(သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ လာပါလိမ့်မည်၊ စောင့်နားထောင်ပါ။

• လွှတ်လပ်ခွင့်ကျဆုံးနေပြီ

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒုတိယသဘောက ဘာလဲဆိုလျှင် သည်ပါလီမန်လွှတ်တော်ကြီးက လွှတ်လပ်စွာ ဖန်တီးနိုင်ခွင့်မရှိဘူး၊ မရှိအောင် တမင် လုပ်တယ်လို့ မစွပ်စွဲပါဘူး၊ မရှိစေရအောင် အခြေအနေပတ်ဝန်းကျင်များကို ဖန်တီးလျက်ရှိပါတယ်၊ဗိုလ်ချုပ်ကလည်း သို့ကလိုကြောက်စရာကောင်းတဲ့ အကြပ်ကိုင်ချက် ၃ ချက် ပါလီမန်လွှတ်တော်ကြီးကို တင်ပြပါတယ်၊ ဒါကြောင့် ပါလီမန် လွှတ်တော်မှာ လွှတ်လပ်စွာ ရွေးချယ်ဖန်တီးနိုင်ခွင့်ကျဆုံးနေပါတယ်၊ အဲသည်လိုကျဆုံးနေသည်ပင်လျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဒုတိယအင်အားကြီးဖြစ်တဲ့ ပါလီမန်ဒီမိုကရေစီဟာ သည်နေ့မီးသင်္ဂြိုဟ်ပြီးသားဖြစ်နေပါပြီဆိုတာ ကျွန်တော် ဝမ်းနည်းစွာ ပြောကြားလိုပါတယ်။

။

ဥက္ကဋ္ဌကြီးခင်ဗျား၊ တတိယအချက်ဖြစ်တဲ့ ပါလီမန် လွှတ်တော်ကသာရွေးကောက်တင်မြှောက်တဲ့ အစိုးရသာအုပ်ချုပ်ပါမည်ဆိုတဲ့ တတိယအသဲနှလုံးပြုတ်မည်လား၊မပြုတ်ဘူးလားဆိုတဲ့ ပြဿနာဖြစ်ပါတယ် အကယ်၍သာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာပါရှိတဲ့ မှုဒ်မ ၁၁၆ ကိုပြင်ဆင်ရလျှင် အဲသည်အသဲနှလုံးဟာ ပျက်စီးပြီလို့ ဝမ်းနည်းစွာခံယူရပါမည်၊ ဘာကြောင့်လဲ ဆိုတော့ ဥပဒေဆိုတာ လူကလုပ်တယ်ဆိုပေမည့် လူကလုပ်တဲ့ ဥပဒေထဲမှာ မူပြဿနာကြီးတွေပါပါတယ်၊ ဒါကဘာလဲဆိုလျှင် နိုင်ငံတော်သူ နိုင်ငံတော်သားများက ပါလီမန်လွှတ်တော်ကြီး ကို ရွေးကောက်တင်မြှောက်ပါတယ်၊ ပါလီမန်လွှတ်တော်က ပါလီမန် အစိုးရကို ရွေးကောက်တင်မြှောက်ပါတယ်၊အဲဒါဟာမူဖြစ်ပါတယ်၊ Principle Question ဖြစ်ပါတယ်၊ လွှဲပြောင်းပြင်ဆင်ခြင်းမပြုနိုင်သော အခြေခံတရားကြီး ကျွဖြစ်ပါဘယ်၊ အဲသည် အခြေခံဟရာ ကြီ တွေကိုပင်လျှင် ပြင်ဆင်တဲ့သဘောဖြစ်ပါလိမ့်မယ်၊ စာကိုသာပြင်လို့ရမည်၊ စိတ်ဓါတ်ကိုပြင်လို့ မရပါဘူး၊ မရနိုင်တဲ့အတွက် အကယ်၍ ပုဒ်မ ၁၁၆ ကိုထပ်ပြင်ရလျှင် ယခုတွင်က ကျွန်တော်ပြောတဲ့မူပျက်တယ်လို့ မြင်ပါတယ်၊ အဲသည်မူပျက်တယ်ဆိုလျှင် ပါလီမန်အစိုးရဘွယ်သွန်ပြီလို့ ပါလီမန်လွှတ်တော်မှာ ကျေညာရမည်ဖြစ်ပါတယ်။

ရွေးကောက်ပွဲ

ဥက္ကဋ္ဌကြီး ခင်ဗျား၊ တိုင်းပြည်မှာ တကယ် ဖြစ်ရမှာက ဂန္ဓရှင်း အဖွဲ့ကဖြစ်စေ၊ တည်မြဲအဖွဲ့ကဖြစ်စေ၊ ပ-မ-ည-တ အဖွဲ့ကဖြစ်စေ၊ တိုင်းပြည်မှာဆိုက်ရောက်နေတဲ့ အကြပ်အတည်းကြီးကိုမခဖြေရှင်း နိုင်လျှင် ပါလီမန်ဒီမိုကရေစီ ထုံးတမ်းဥလာအတိုင်း နိုးရိုးသားသား

ဖြူဖြူစင်စင် တိုင်းပြည်ကို ပြန်အပ်ဘို့ ရွေးကောက်ပွဲလုပ်ဘို့သာဖြစ်ပါတယ်၊ ရွေးကောက်ပွဲ လုပ်ခြင်း သည်သာလျှင် ပြည်သူတွေရဲ့ ပြဿနာတွေကို ပြည်သူတွေရဲ့အခြေခံနှင့်ဖြေရှင်းခြင်း ဖြစ်ပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ မေးစရာရှိပါတယ်၊ ကျွန်တော့်မိတ်ဆွေ အမတ်မင်းတယောက်ကမေးပါတယ်၊ ဘယ်တော့လဲ ဘယ်လို ရွေးကောက်ပွဲမျိုးလဲလို့ မေးခွန်းထုတ်ပါတယ်၊ အဲသည်မေးခွန်းကို ကျွန်တော်ဖြေပါရစေ၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ အဲသည်မေးခွန်းကိုမဖြေခင်ရွေးကောက်ပွဲဘာကြောင့် မကျင်းပ ပေးနိုင်သလဲဆိုတာ အကြောင်း ၂ ချက်ကို ဝန်ကြီးချုပ်က ပြသွားပါတယ်၊ ပထမအချက်က ပါတီအချင်းချင်းတွေရဲ့ ပဋိပက္ခဟာ သည်ကနေ့အထိ အလွန် ပြင်းထန်နေဆဲဖြစ်တယ်လို့ ဗိုလ်ချုပ်ကအကြောင်းပြပါတယ်၊ ဘာကို ပြန်ဖြေပါမည်၊ သည်နေ့ ပါတီအချင်းချင်း၊ အဖွဲ့အစည်း အချင်းချင်း ဆက်ဆံရေး တင်းမာနေတယ်ဆိုတာ တဖွဲ့နှင့်တဖွဲ့၊ တပါတီနှင့်တပါတီအစုအဝေးအလိုက် အဓိကရုဏ်းများ၊ သတ်ပွဲများ ဖြစ်နေသလားလို့ ဥက္ကဋ္ဌကြီးမှတဆင့် ဗိုလ်ချုပ်ကြီးကို မေးချင်ပါတယ်၊ အဖွဲ့အစည်း အလိုက်၊ အစုအဝေးအလိုက် အဓိကရုဏ်းများ၊ သေပွဲသတ်ပွဲများ မရှိပါဘူး၊ အချို့အချို့သောနေရာကလေးများမှာ တဖွဲ့နှင့်တဖွဲ့၊ ပုဂ္ဂိုလ်အလိုက် သတ်ထာ်ရှိပါတယ်၊ သို့သော် ကျွန်တော်ဂုဏ်ယူပြီး ပြောရဲပါတယ်၊ ဗိုလ်ချုပ်အစိုးရတက်လာတဲ့နောက်ပိုင်းမှာ နိုင်ငံရေးလူသတ်မှုရယ်လို့မတွေ့ရပါဘူး၊ အဲသည်တော့ တပါတီနှင့် တပါတီ၊ တဖွဲ့နှင့်တဖွဲ့ ဆက်ဆံရေးဟာ တင်းမာတယ်ဆိုတာ ကျွန်တော်နားလည်လို့မရပါဘူး။

အားလုံးဆိုရှယ်လစ်တွေ

ဥက္ကဋ္ဌကြီးခင်ဗျား၊ နောက်တခုက အကယ်၍ ဆက်ဆံရေးမှာ ရာဇဝတ်မှုထိအောင် ဖြစ်လာတယ်ဆိုလျှင် ဗိုလ်ချုပ်အစိုးရက ရာဇ

ဝတ်ပြစ်ဒဏ်နှင့် လျော်ညီစွာ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းကိုမဆို အရေးယူ ဆုံးမ ပြင်ပေးဘို့လိုပါတယ်၊ သည့်နောက်ပိုင်းမှာလည်း ဗိုလ်ချုပ်ကြီးဟာ သာမန် စစ်သူကြီးမဟုတ်ပါဘူး၊ နိုင်ငံရေးခေါင်းဆောင်ကြီးတယောက်လည်းဖြစ်ခဲ့ပါတယ်၊ နိုင်ငံရေး ခေါင်းဆောင်ကြီးတယောက် ဖြစ်ခဲ့တဲ့အတိုင်း ယခုကွဲနေတာဟာ တခြားလူတွေမဟုတ်ပါဘူး၊ ဟိုဘက်ကခုံမှာထိုင်နေတာလည်း သန့်ရှင်းလို့အမည်ခံပေမည့် ဆိုရှယ်လစ်ပါတီဝင်ဟောင်းတွေ ဖြစ်ပါတယ်၊ သည်ဘက်ခုံမှာထိုင်နေတဲ့လူတွေဟာလည်း တည်မြဲလို့အမည်ခံနေပေမည့် ဆိုရှယ်လစ်ပါတီဝင်ဟောင်းတွေ ဖြစ်ပါတယ်၊ သည်ဘက်ခုံမှာထိုင်နေကြတဲ့လူတွေအားလုံးဟာလည်း များသောအားဖြင့် ပ-မ-ည-တ လို့အမည်တပ်ပေမည့် ဆိုရှယ်လစ်ပါတီဝင်ဟောင်းတွေဖြစ်ပါတယ်၊ ဗိုလ်ချုပ်ကြီးဟာ ကျွန်တော်တို့ ၃ ဦးရဲ့ အင်မတန် ချစ်ခင်ခဲ့တဲ့ ကြည်ညိုခဲ့တဲ့ ခေါင်းဆောင်ကြီး တယောက်ဖြစ်ပါတယ်၊ အဲသည်တော့ အစိုးရရဲ့ အပဝတ္တရေးအနေနှင့် သည် ၃ ဖွဲ့စလုံး ငြိမ်းချမ်းစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစီအစဉ်တွေချမှတ်နိုင်ပါတယ်။

ငြိမ်းချမ်းစွာယှဉ်ပြိုင်ရေး

ခင်ဗျားတို့အချင်းချင်း ဒီလိုလုပ်ကြ၊ဒီလိုကိုင်ကြအစရှိသဖြင့်ပြောဘို့လိုပါတယ်၊ ခင်ဗျားတို့အချင်းချင်းကွဲတာမကွဲတာကိုတော့ပြောဘို့မလိုဘူး။ သို့သော်လည်း ငြိမ်းချမ်းစွာယှဉ်ပြိုင်နိုင်ရေးကိုသာ ဗိုလ်ချုပ်ကြီးနေဝင်းက စီမံပေးမည်ဆိုလျှင်....

ဗိုလ်ခင်မောင် (ညောင်လေးပင် အနောက်ပိုင်း)၊ ဥက္ကဋ္ဌကြီးခင်ဗျားကျွန်တော်အမတ်မင်းကိုအနည်းငယ်မေးချင်ပါတယ်၊ ညွန့်ပေါင်းအစိုးရဖွဲ့မှာလား။

အနေမှန်ကြပါ

သခင်ချစ်မောင် (သာယာဝတီ)၊ ဥက္ကဋ္ဌကြီး ခင်ဗျား၊ တာက နောက်တော့ လာပါလိမ့်မည်၊ သည်နေ့ဗမာနိုင်ငံမှာ တပါတီနှင့်တပါတီ ဆက်ဆံရေးနှင့်ပတ်သက်ပြီး အခြေအနေတွေဟာ တင်းမာခြင်းရဲ့ မူလဘူတဟာဘာလဲ တပါတီနှင့်တပါတီ ဆက်ဆံရေးဟာတင်းမာနေတယ် ဆိုတဲ့ဟာကိုပြန်ကြည့်တဲ့အခါမှာ ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျွန်တော်တွေ့တဲ့ဟာက ဘာလဲဆိုလျှင် စစ်တပ်များနှင့် အမှုထမ်းများဟာ အနေမှန်တဲ့နေရာမှာ ပါတီအချင်းချင်း ဆက်ဆံရေးဟာလည်း အနေမှန်ပါတယ်၊ စစ်တပ်နှင့်တကွ အမှုထမ်းများ အနေမမှန်တဲ့နေရာမှာ တပါတီဆက်ဆံရေးဟာလည်း အနေမမှန်ပါဘူး၊ ဆိုလိုရင်းကဘာလဲဆိုရင် လက်နက်ကိုင် တပ်များနှင့် အမှုထမ်းများ ဘက်လိုက်တဲ့နေရာမှာဘက်လိုက်သလို ပါတီအချင်းချင်းဆက်ဆံရေးဟာ တင်းမာပါတယ်။ ဘက်မလိုက်တဲ့နေရာမှာ ပါတီ အချင်းချင်း ဆက်ဆံရေးမှာလည်း အဆင်ပြေပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်ပြောနေလျှင် ကျယ်နေပါမည်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ တာတွင် မကသေးပါဘူး၊ တပါတီနှင့်တပါတီအဆင်ပြေအောင် ဗိုလ်ချုပ်ကြီး နေဝင်းကလုပ်နိုင်ပါတယ် ဗိုလ်ချုပ်အစိုးရတက်လာပုံက မှုမမှန်လို့ ကျွန်တော်တို့ကန့်ကွက်ခဲ့သော်လည်း ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရဖြစ်လာတဲ့အခါမှာ ကျွန်တော်တို့သိရတာက ဘက်လိုက်တဲ့အစိုးရ မဟုတ်ဘူး၊ ဝါဒအခြေခံတဲ့အစိုးရမဟုတ်ဘူးလို့ ဆိုတော့ ကျွန်တော်တို့က အရှုံပိုက်အသာလှိုက် ကြည်ညိုခဲ့ပါတယ်၊ သို့ကလိုကြည်ညိုခဲ့တဲ့အတိုင်းအစဉ်တစိုက်လုပ်သွားတဲ့အစိုးရဖြစ်ခဲ့ပါလျှင်နိုင်ငံရေး ပါတီအဖွဲ့အစည်းများကို ချုပ်ချယ်ရေးထက် ပူးပေါင်း ဆောင်ရွက်ရေးကို ဗိုလ်ချုပ်ကြီး နေဝင်း အစိုးရအဖွဲ့က အသားပေးခဲ့လျှင် အဲသည်ပြဿနာပေါ်ကိုမပေါ်နိုင်ပါဘူး၊ ကျွန်တော်တို့ တတွေက

လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ရန်အဆင်သင့်ရှိပါတယ်၊ အလားတူဘဲ သန့်ရှင်းနှင့်တည်မြဲအဖွဲ့များကလည်း ဗိုလ်ချုပ်ကြီး အစိုးရကို အလေးပေးပြီး ထောက်ခံ ခဲ့တာပါဘဲ၊ သို့သော်လည်း ကျွန်တော် ဝမ်းနည်းစွာနှင့် အစီရင်ခံရမည်ဆိုလျှင် ဗိုလ်ချုပ်ကြီး နေဝင်း အစိုးရဟာ ပါတီအဖွဲ့အစည်းများကိုပူးပေါင်းဆောင်ရွက်ရမည့်အစား ချုပ်ချယ်ရေးကို ပိုအလေးပေးနေသည့် အတွက်တော့ကိုဝမ်းနည်းလွန်းလို့ ကျွန်တော်သိပ်မပြောလိုတော့ပါဘူး၊ သည်နေ့ နိုင်ငံရေးချုပ်ချယ်မှုတွေနှင့်ပတ်သက်ပြီးအဖွဲ့အစည်းလိုက်လူဖမ်းပွဲကြီးတွေမှာပမညတက ထိပ်ကန်းက လိုက်နေတာကို တွေ့ရပါတယ်၊ သည့်နောက်မှာဆိုလျှင် ဒုတိယက သန့်ရှင်းအဖွဲ့တွေဖြစ်ပါတယ်၊သည့်နောက်ကတော့တည်မြဲတွေဖြစ်ပါတယ်၊တာလည်းမပြောပလောက်အောင်ဘဲ ရှိပါတယ်။

သောင်းကျန်းမှုအခြေအနေ

ဥက္ကဋ္ဌကြီးခင်ဗျား၊ဒုတိယဘာအကြောင်းပြသလဲဆိုလျှင်ဗိုလ်ချုပ် နေဝင်း အစိုးရက ဒုတိယအကြောင်းပြတာက သောင်းကျန်းမှုအခြေအနေကြောင့်ဆိုပြီး အကြောင်း ပြပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ အဲတာကို ပြန်လည်ချေပပါရစေ၊ သည်ချေပချက်ဟာ ကျွန်တော့်ကိုယ်ပိုင်ဉာဏ်မဟုတ်ပါဘူး၊ ၇ ရက်နေ့က နိုင်ငံတော် အသံလွှင့်ဌာနက နေပြီး ဗိုလ်မှူးကြီး မောင်မောင်၊ ပြည်ထဲရေးဌာနရဲမင်းကြီးတို့ရဲ့ ငြိမ်ဝပ်ပိပြားရေး အသံလွှင့်ချက်နှင့်တကွ သတင်းစာ ကွန်ဖရင့်မှာ ပြောဆိုခြင်းဖြစ်ပါတယ်၊ သည်ကနေ့ သူပုန်သူကန် သောင်းကျန်းမှု အင်အားဟာ အများကြီး လျော့နည်းသွားပြီဆိုတာကို အခိုင်အမာဘဲ တာဝန်ခံပုဂ္ဂိုလ်ကြီးများက တိုင်းပြည်ကိုကြေညာပြီးသားဖြစ်ပါတယ်၊ တနည်းအားဖြင့်ဆိုလျှင် တာကို ငြင်းလို့ ရသလားဆိုတော့ မငြင်းနိုင်ပါဘူး၊ ငြိမ်းချမ်းရေး ဒေသကြီးဟာ အများကြီးကျယ်ပြန့်လာပြီး၊ ပြည်သူ့ရဲဘော်တို့၊ မှန်ဘိုအဖွဲ့ သည့် အဖွဲ့အစည်းတွေက

လည်း လက်နက်စွန့် ဝင်ရောက်လာတာကိုလည်း ကျွန်တော်တို့တွေ့ခဲ့ရပါတယ်၊ သည့်နောက်ပိုင်းမှာ ကြည့်မည်ဆိုလျှင် လူဦးရေ သန်းပေါင်း ၂၀ ရှိတဲ့အနက် သူပုန်အင်အားဟာ(၇၀၀၀)မျှသာ ရှိတော့တယ်ဆိုတော့အင်မတန်မှ ကွက်တိကွက်ကြားဖြစ်နေပြီး မြို့ကြီးပြကြီးများရဲ့အနီးအနားမှာ မကပ်နိုင်တော့ဘဲ တောကြီးတောင်ကြီးထဲမှာ ကြီးစွာသော ဒုက္ခရောက်နေတယ်ဆိုတာကို သက်ဆိုင်ရာ တာဝန်ခံများက အတိအလင်းကျေညာထားပါတယ်။

ထင်ထင်ရှားရှား

ဥက္ကဋ္ဌကြီးခင်များ၊ ရာဇဝတ်သောင်းကျန်းမှုများကတော့ ပြောစရာလိုမည်မထင်ပါဘူး၊ ဒါကလည်း အားရစရာ ကောင်းလောက်အောင် ထင်ထင်ရှားရှားကြီးလျော့နည်းသွားတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်များ၊ သည်လိုဆိုလျှင်တကယ့်ကိုငြိမ်ဝပ်ပိပြားရေးအခြေအနေဟာ အင်မတန်မှကောင်းနေသည့်အချိန်အခါမျိုးမှာရှိနေတဲ့အတွက် ရွေးကောက်ပွဲလုပ်မည်ဆိုလျှင်လုပ်နိုင်ပါတယ်။ဒါကြောင့် ၁၉၅၂ ခုနှစ် ရွေးကောက်ပွဲကာလ၊ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲကာလများနှင့် နှိုင်းယှဉ်လျှင် ၁၉၅၈ ခုနှစ် ရွေးကောက်ပွဲကာလ၊ ၁၉၅၉ ခုနှစ်ရွေးကောက်ပွဲကာလဟာ အဆပေါင်းများစွာ သာလွန်တယ်ဆိုတာ မငြင်းနိုင်တဲ့ အချက်ကြီးပင်ဖြစ်ပါတယ်၊ အင်မတန်မှဘဲ တိုးတက်ကောင်းမွန်နေတာကို တွေ့ရပါတယ်၊ သည်တော့ မေးစရာရှိပါတယ်၊ ဗိုလ်ချုပ်နေဝင်း မိန့်ခွန်းထဲမှာ မေးထားတာက ရွေးကောက်ပွဲကျင်းပနေဆဲကာလမှာ သူပုန်များကို လိုက်လံ တိုက်ခိုက်နေတဲ့ စစ်သည်တော်များကို ပြန်လည် ရုပ်သိမ်းရမည်ဆိုလျှင် မခက်ပေဘူးလားလို့ မေးထားပါတယ်၊ အဲတာဟာ မမှန်ကန်ပါဘူး။

အောင်မာဃ

၁၉၅၆ ခုနှစ်ရွေးကောက်ပွဲကာလအတွင်းမှာဗမာပြည်ပြည်တွင်းစစ်ရဲ့ ၁၀ နှစ်သက်တမ်းသမိုင်းမှာအကြီးမားဆုံးသောအောင်မာဃ စစ်ဆင်ရေးကို ဆင်နွှဲတဲ့အခါမှာ ဘယ်စစ်သည်တော်ကိုမှ ပြန်လည်ရုပ်သိမ်းတယ်လို့ မသိခဲ့ရပါဘူး။ သည်အတိုင်းဘဲထားတာကိုတွေ့ရပါတယ်၊ ဥက္ကဋ္ဌကြီးခင်များ၊ ကျွန်တော်ဟာ စစ်ပညာကိုမတတ်ပါဘူး၊ သို့သော်လည်း လက်တွေ့အားဖြင့် လူပြိန်းတယောက်အနေနှင့် မြင်တဲ့အမြင်ကို တင်ပြပါရစေ၊ သူပုန်တွေကို အစိုးရအနေနှင့် ရန်သူလို့ဆိုတယ်၊ သည်သောင်းကျန်းသူတွေဟာ ယခုဆိုလျှင် မြို့ကြီးပြကြီးများရဲ့အနီးအနားမှာ မရှိဘဲ၊ တောကြီး တောင်ကြီးထဲမှာဘဲ ရှိနေပါတယ်၊ ယခုရွေးကောက်ပွဲကျင်းပရမှာကလည်းဘယ်စစ်မျက်နှာရဲ့ရှေ့တန်းမှာမှမဟုတ်ပါဘူး၊ စစ်မျက်နှာရဲ့ နောက်တန်း မှာသာကျင်းပဘို့ဖြစ်တယ်၊ ဒါကြောင့် ဗိုလ်ချုပ် နေဝင်းအစိုးရက ၎င်းတို့စစ်သည်တော်များကို တောကြီးတောင်ကြီးထဲမှာ အလုံးအရင်းနဲ့တိုက်လိုကတိုက်ပါစေ၊ စစ်မျက်နှာဟာ ပိုလို့သာ ရှေ့ရောက်သွားမှာပါဘဲ၊ စစ်မျက်နှာနောက်တန်းမှာရှိတဲ့ ရွေးကောက်ပွဲဟာ ပိုမိုပြီးသန့်ရှင်းမည်၊ ပိုမိုပြီးစင်ကြယ်မည်၊ သူပုန်တွေရဲ့ ဘေးအန္တရာယ်မှလည်း ပိုမိုပြီးငြိမ်းချမ်းစွာရှိမည်လို့ကျွန်တော်တို့အနေနှင့်သည်လိုဘဲ မြင်ပါတယ်။

မတွေ့ပါ

ဒါဖြင့် ကောင်းပြီ၊စစ်သားတွေကို ပြန်ရုပ်သိမ်းရအောင် ဘာများအရေးကြီးသလဲလို့ ပြန်ကြည့်လျှင် မဲရုံစောင့်ဘို့၊ မဲပုံးတွေပို့ဘို့ မဲထည့်ပြီးသည့်နောက် ထိုမဲပုံးများကို သက်ဆိုင်ရာဌာနသို့ ပြန်ပို့ဘို့ လိုပါတယ်၊ အဲဒါတွေဟာဖြင့်လျှင်ပြီးခဲ့တဲ့ ၁၉၅၂ ခုနှစ်၊ ၁၉၅၆

ခုနှစ် ရွေးကောက်ပွဲကာလမှာ စစ်သည်တော်ကြီးများ၊ ဗိုလ်မှူးကြီးများ၊ ဗိုလ်ကြီးများကို ရွေးကောက်ပွဲမှာ ခိုင်းတာကို ကျွန်တော်တို့ မတွေ့ရပါဘူး၊ ရဲအဖွဲ့များနှင့်တကွ အများဆုံး စစ်ရဲများသာသုံးတာကို တွေ့ရပါတယ်။ အဲသည်လောက်ထိအောင် ကြီးကြယ်တဲ့ စစ်သည်တော်များကို ရွေးကောက်ပွဲကာလမှာ ထားရှိဘို့ မလိုပါဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။

၅၀၀ ထက်မပို

ဥက္ကဋ္ဌကြီးခင်ဗျား၊ နောက်တခုက သူပုန်များရဲ့ တည်နေပုံဟာ တချို့ခရိုင်မှာများပင်များပြားသော်သည်း စာရင်းအရ ကျွန်တော်တို့ သိရသလောက်ဆိုရင် ၅၀၀ ထက်ပိုများတာမရှိပါဘူး။ အင်မတန်ကိုနည်းပါတယ်။ တချို့ခရိုင်တွေမှာ မရှိသလောက်တောင်မှ ဖြစ်နေပါတယ်။ အဲသည်လို သူပုန် မရှိသလောက် ခရိုင်တွေသာ များပါတယ်။ သူပုန်မရှိသလောက် ခရိုင်တွေသာ များနေတဲ့အတွက် သည်ကိစ္စနှင့်ပတ်သက်ပြီး ပေးတဲ့ဆင်ခြေဟာဖြင့် မရေရာပါဘူးလို့ ကျွန်တော်ဝမ်းနည်းစွာနှင့်ပင်ပြန်လည်ချေပချင်ပါတယ်။

အမတ်မင်းဒုက္ခ

ဦးသာဒွန်း(လပွတ္တာ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ အမတ်မင်းပြောနေတာကတရားမျှတတဲ့ရွေးကောက်ပွဲအကြောင်းကိုပြောနေပါတယ်။ ဒါပေမည့် ရှေးတုံးကတော့ ရွေးကောက်ပွဲနီးလာလို့ရှိလျှင်မတရားတဲ့ရွေးကောက်ပွဲမလိုချင်ဘူးလို့ပြောခဲ့ပါတယ်၊ ယခုဗိုလ်ချုပ်ကြီး နေဝင်းအစိုးရက ရွေးကောက်ပွဲ လုပ်မည်ဆိုလျှင် မတရားတဲ့ရွေးကောက်ပွဲလို့ အသံကုန်ဟစ်မှာပါဘဲ။ ဟိုအခါတုန်းက မတရားတဲ့ ရွေးကောက်ပွဲဆိုပြီး အမတ်မင်းတို့က....

ဥက္ကဋ္ဌ၊ ။အမတ်မင်း မရှင်းလို့ရှိလျှင်မေးနိုင်ပါတယ်။ ယခုအမတ်မင်း ပြောနေတာက မိန့်ခွန်းလိုဖြစ်နေပါတယ်။

ပေါက်ပြောပွဲ

ဦးသိန်းဖေမြင့် (ဘုတလင်)။ ။ဥက္ကဋ္ဌကြီး ခင်ဗျား၊ ယခုတင်က အမတ်မင်းပြောတဲ့စကားက ဗိုလ်ချုပ်ကြီး သဘောကျမည်လားလို့ပြောတာပါဘဲ။ သည်တော့ ဗိုလ်ချုပ်ကြီးကိုကျွန်တော် သတိပေးချင်တာက အဲဒီပြောတဲ့လူတွေကို ဝေးဝေးရှောင်စမ်းပါ။

ဦးသာဒွန်း(လပွတ္တာ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ အမတ်မင်းတို့က မတရားတဲ့ရွေးကောက်ပွဲလို့ပြောမှာစိုးလို့ ပြောရခြင်းဖြစ်ပါတယ်။

သခင်စံမြင့်(သနပ္ပင်)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဗိုလ်ချုပ်ကြီးသဘောကျအောင်ဘဲ ပြောတယ်ဘဲထားပါဦး၊ သခင်ချစ်မောင်တို့က တောထဲက သူပုန်တွေ သဘောကျအောင်အော်နေပါတယ်။

သခင်ချစ်မောင် (သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒါကတော့ ၁၀ နှစ်၊ ၁၀ မိုးလုံးလုံးပြောလာတဲ့စကားပါ။

သခင်စံမြင့်(သနပ္ပင်)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ၁၀ နှစ်လုံးလုံးမှာဘဲ သူတို့က အဲသည်စကားဘဲပြောပါတယ်။

နည်းကလေး

သခင်ချစ်မောင်(သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ သူပုန်တယောက်မှမရှိတဲ့ဒေသများမှာ သည်အကြောင်းပြချက်ဟာမနိုင်လုံနိုင်တော့ပါဘူး။ သည်အကြောင်းကို ကျွန်တော်ပွင့်ပွင့်လင်းလင်း အစီရင်ခံလိုပါတယ်၊ အဲဒါ အမြင်ဗိုဒ်နိုင်လုံအောင် လုပ်ချင်ပါတယ်ဆိုလျှင် ဥက္ကဋ္ဌကြီးခင်ဗျား။ ။သူပုန်တယောက်မှ မရှိအောင်လုပ်တဲ့ နည်း တနည်းရှိပါတယ်။ သည်နည်းကို ကျွန်တော် အကြောင်းအားလျော်စွာပြောလိုပါတယ်။........

ဗိုလ်ခင်မောင်(ညောင်လေးပင်–အနောက်ပိုင်း)။ ဥက္ကဋ္ဌကြီး ခင်ဗျား၊ စေ့စပ်ရေးကိုပြောနေတာလား။

ဗိုလ်မှူးအောင်ကြီး

သခင်ချစ်မောင် (သာယာဝတီ)။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြောနေတာကို ဆက်ပြီး နားထောင်စေချင်ပါတယ်။ သူပုန်တယောက်မှမရှိအောင် ငြိမ်းခဲ့တဲ့ လွှတ်တော်စည်းဝေးပွဲကျင်းပတုန်းက မော်ဘီကိုကျွန်တော် ရောက်သွားပါတယ်၊ အဲသည်မှာကျွန်တော်တို့ရဲ့ ရဲဘော်ဟောင်းရဲဘော်ကြီးဖြစ်တဲ့ ဗိုလ်မှူးကြီးအောင်ကြီးနှင့် တွေ့ပါတယ်။ သည်အခါမှာ သူ့ကိုတောင်းပန်ပြီး စကားပြောပါတယ်။ ကျွန်တော့အပေါ်မှာ စေတနာသန့်သန့် ထားမည်ဆိုလျှင် ကျွန်တော် စကားတခွန်းပြောပါရစေဆိုတော့ ဗိုလ်မှူးကြီးအောင်ကြီးက ပြောပါလို့ အခွင့်ပေးပါတယ်၊ အဲသည်အခါမှာ ကျွန်တော် စကားတခွန်း ပြောပါတယ်၊ ဘယ်လိုပြောသလဲဆိုလျှင် ကျွန်တော်တို့တိုင်းပြည်ဟာဖြင့်လျှင် ၁၀ နှစ်၊ ၁၀ မိုးအတွင်းမှာတိုင်းသူပြည်သားတွေဟာ အများကြီးဒုက္ခရောက်လာပါပြီ၊ ဒါကြောင့် သည်နိုင်ငံ၊ သည်တိုင်းပြည်ကိုဆက်လက်တာဝန်ကြေအောင်ကျွန်တော်ခင်ဗျားတို့ခေတ်မှာခင်ဗျားတို့ အစိုးရဖြစ်နေတဲ့အတောအတွင်းမှာ ဘယ်သူမှမလုပ်နိုင်တဲ့ လုပ်ငန်းတခုကိုလုပ်ပေးစေချင်ပါတယ်၊ လုပ်လည်းလုပ်နိုင်အောင် အခါအခွင့်ကြီးလည်း သင့်နေပါတယ်၊ အဲဒါကိုလုပ်တဲ့နေရာမှာ ကျွန်တော်တို့ကလည်း အဖက်ဖက်ကထောက်ခံအားပေးပါမည်လို့ ပြောခဲ့ပါတယ်။ ဗိုလ်မှူးကြီးအောင်ကြီးကလည်း လုပ်ရမဲ့ကိစ္စပြောပါဆိုတော့ ကျွန်တော်တခွန်းထဲပြောခဲ့ပါတယ်။

ဒိုင်လူကြီးလုပ်ပါ

ဘာပြောခဲ့သလဲဆိုလျှင် လာမည့်ရွေးကောက်ပွဲမှာ ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရက ဘယ်ပါတီဘယ်ဂိုဏ်းဂဏဘယ်အဖွဲ့အစည်းဘယ်ဝါဒမှအခြေခံတဲ့အစိုးရမဟုတ်ဘူးဆိုတာ တိုင်းပြည်ကိုကျေညာပြီးသားလည်း ဖြစ်ပါတယ်၊ ထို့ကြောင့်ထိုအစိုးရသည်ဒိုင်လူကြီး၊ အစိုးရသည် လာမည့်ရွေးကောက်ပွဲကို တရားမျှတ သန့်ရှင်းစင်ကြယ်စွာကျင်းပပေးလိမ့်မည်၊ ဒါကြောင့်သည်တရားမျှတ သန့်ရှင်းစင်ကြယ်တဲ့ရွေးကောက်ပွဲမှာ တောထဲတောင်ထဲမှာရှိကြတဲ့ သူပုန်ပါတီအဖွဲ့အစည်းများအားလုံးတို့သည်ပါတီအလိုက်အဖွဲ့အစည်းလိုက် သည်ရွေးကောက်ပွဲမှာ ငြိမ်းချမ်းစွာလာရောက်ယှဉ်ပြိုင်လှည့်ကြ၊ ထိုကဲ့သို့ယှဉ်ပြိုင်နိုင်ရေးအတွက် ပါတီအလိုက်၊ အဖွဲ့အစည်းအလိုက် လက်နက်စွန့်ကြဆိုတဲ့ သဘောမျိုးနှင့် လုပ်ဆိုက်မည်ဆိုလျှင် ကျွန်တော်ထင်ပါတယ်။ တောထဲမှာ သက်သက်အငတ်အပြတ်ခံပြီးသူပုန်ဆက်လုပ်နေမည့်လူ မရှိနိုင်တော့ဘူးလို့ ကျွန်တော်ထင်ပါတယ်လို့ ဗိုလ်မှူးကြီး အောင်ကြီးကိုပြောခဲ့ပါတယ်။

ဗိုလ်ခင်မောင် (ညောင်လေးပင်–အနောက်ပိုင်း) ဥက္ကဋ္ဌကြီးခင်ဗျား၊ အမတ်မင်းဟာမျက်စိလည်နေတယ်လို့ ထင်ပါတယ်၊ သည်လိုခေါ်ခဲ့တာလည်း အကြိမ်ပေါင်း များစွာ ရှိပါပြီ။ သည်လိုခေါ်လို့ လာမည်ဆိုတာကို အမတ်မင်းအနေနှင့်လက်ခံမည်လား။

မယုံဘူး

သခင်ချစ်မောင် (သာယာဝတီ) ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ပြောပါမည်၊ ဗိုလ်မှူးကြီးအောင်ကြီးရဲ့ အဲဒီမေးခွန်းမျိုးကိုဖြေခဲ့ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းမှတဆင့် ဗမာပြည်ကွန်မြူနစ်ပါတီကဗိုလ်ရဲထွဋ်က နေပြီးတိုင်းပြည်ကို တင်ပြခဲ့တာကိုဗိုလ်မှူးကြီး

အောင်ကြီး စဉ်းစားစေချင်တယ်လို့ ကျွန်တော်ကပြောခဲ့ပါတယ်။ သည်ကိစ္စဟာလည်း အင်မတန်လွယ်ကူတဲ့ အခြေမှာရှိပါတယ်။ လက်နက်အားလုံးစွန့်မည်၊ တရားဥပဒေ အောင်အတွင်းပါတီကရားဝင်လာရောက်မည်။ အကယ်၍ဒေတာတွင်း ကျန်ရစ်ခဲ့သူရှိလျှင်အဆက်ဖြတ်မည်၊ သည်ရွေးကောက်ပွဲမှာ တရားသဖြင့် ယှဉ်ပြိုင်ခွင့် ပေးမယ်ဆိုတဲ့ ကတိသာ ပေးပါလို့ ဆိုတယ်။ အဲဒါ မပေးနိုင်စရာမရှိဘူးလို့ ဗိုလ်မှူးကြီး အောင်ကြီးကို တောင်းပန် ခဲ့ပါတယ်၊ ဗိုလ်မှူးကြီးအောင်ကြီးက ပြန်ပြောပါတယ်၊ ကျွန်တော်ဟာ သည်ကိစ္စနှင့် ပတ်သက်လို့ သိပ်ပြီး မယုံကြည် ချင်ဘူး။ ဘာကြောင့်လဲဆိုလျှင် ဗိုလ်ရဲထွင့်ရဲ့သဘောထားလား၊ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ဗဟိုကော်မတီရဲ့ သဘောထားလားဆိုဒါ မသိဘူး။ ကျွန်တော် ယုံကြည်ရမှာ ခက်တယ်လို့ပြောပါတယ်။ သည်လိုဆိုလျှင် ဆရာကြီးကိုယ်တော်မှိုင်းနှင့် Formal မဟုတ်တဲ့ Informal အနေနှင့် မာကြောင်းချာကြောင်း သွားမေးရင်းနှင့် ဆရာကြီးလူတွေကတကယ်ဟုတ်ရဲ့လား၊ ဟုတ်လျှင်အထောက်အထားပြပါ။ ဆွေးနွေးရအောင် ဆွေးနွေးရလျှင် မကောင်းဘူးလား ဆိုပြီး တောင်းပါ။ သည်လိုကျွန်တော်က အကြံပေးတော့ ဗိုလ်မှူးကြီးအောင်ကြီးက ကြည့်သေးတာပေါ့၊ ကျွန်တော်စဉ်းစားပါမည်လို့ပြောပါတယ်၊ သည်နည်းဟာဖြင့်ဗမာပြည်မှာ ဒီမိုကရေစီဘောင်နှင့် ပြည်တွင်းစစ်ဘောင်ကို စာရင်းရှင်းနိုင်တဲ့ လုပ်နည်းဖြစ်ပါတယ်။ပါလီမန်ဒီမိုကရေစီဘောင်ကြီး ကျယ်ပြန့်လာသည်နှင့်အပြိုင်နက် ပြည်တွင်းစစ်ဘောင်ကြီး ဟာ ကျဉ်းသွားမှာမုချဘဲ၊ သည်လိုပြည်တွင်းစစ်ဘောင်ကြီး ကျဉ်းစေတဲ့နည်းဟာဖြင့်ကျင်းပမည့်ရွေးကောက်ပွဲမှာ အားလုံး သောပါတီအဖွဲ့အစည်းများ ငြိမ်းချမ်းစွာ ယှဉ်ပြိုင်နိုင်ရေးဆိုတဲ့ သည်ကြွေးကြော်သံနှင့်သည်အခွင့်အလမ်းဟာပြည်တွင်းစစ်ကို အဆုံးသတ်တဲ့အခွင့်အလမ်းဖြစ်တယ်ဆိုတာကို ကျွန်တော်ထပ်ပြီးအကြံပေးလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ မဲစာရင်းကိစ္စကို ကျွန်တော် အစီရင်ခံလိုပါတယ်၊ သည်ကိစ္စမှာတော့ ကျွန်တော်အများကြီးဘဲအားရမိပါတယ်၊ ဗိုလ်ချုပ်ကြီး နေဝင်းက ၂ လအတွင်းမှာ နယ်ပေါင်း ၂၅၀ ရှိတဲ့အနက်က နယ်ပေါင်း ၁၇၀ စာရင်းယူပြီးပြီ ဆိုတော့ ၈၀ ဘဲကျန်ပါတော့တယ်၊ သည်ကျန်တဲ့ ၈၀ ဟာလည်း ကျန်တဲ့ ၂ လအတွင်းမှာ လွယ်လွယ်ကူကူနှင့် ပြီးစီးနိုင်ပါတယ်၊ ပြီးစီးလိမ့်မည်လို့လည်း ကျွန်တော်ယုံကြည်ပါတယ်၊ တောင်းလည်းတောင်းဆိုပါတယ်၊ တာဖြစ်လျှင် ရွေးကောက်ပွဲ ကျင်းပပေးနိုင်တဲ့ အခြေအနေ ရှိပါလျက်နှင့် မငြင်းနိုင် မကွယ်နိုင်အောင် အခြေအနေများ သည် တိုးတက်ကောင်းလာပါလျက်နှင့် ဘာကြောင့် ရွေးကောက်ပွဲ ကျင်းပ မပေးနိုင်သလဲဆိုတာဟာ ပုစ္ဆာဖြစ်ပါတယ်၊ သည်ပုစ္ဆာဟာ သည်စကားထာဟာ သည်ပါလီမန် လွှတ်တော်ထဲတွင် မကပါဘူး၊ ဗမာပြည်မှာရှိတဲ့ လူဦးရေ သန်းပေါင်း ၂၀ ကျော်က ၁၉၅၂ ခုနှင့် ၁၉၅၆ ခုနှစ် အချိန်ကာလနှင့် သည်လောက်တောင်ကွာခြားပြီး တိုးတက်ကောင်းမွန်လာသော်လည်း တိုင်းမနိုင်ငံ သည်ပါလီမန် လွှတ်တော်ထဲမှာ ဘယ်သူမှ ခိုင်မာတောင့်တင်းတဲ့အစိုးရဖွဲ့စည်းနိုင်သားနှင့် သက်သက်ဗိုလ်ချုပ်နေဝင်းက ဒုက္ခခံပြီး အစိုးရလုပ်နေရတဲ့ ဒုက္ခကို မကြည့်နိုင်တဲ့အတွက် ဒါဟာ တည်မြဲနှင့်သန့်ရှင်းအတွက် ကျွန်တော်ပြောခြင်းဖြစ်ပါတယ်၊ သည်လိုအခြေအနေ ရှိပါလျက်နှင့် ဘာကြောင့် ရွေးကောက်ပွဲ မကျင်းပနိုင်သလဲဆိုတဲ့ ပုစ္ဆာကို ကျယ်ကျယ် ထုတ်ပြီး တိုးတိုးဘဲမေးနေကြပါတယ်၊ ဒါကို ကျွန်တော်တို့ အများကြီးသုံးသပ်ပါတယ်၊ ဘာကြောင့် မကျင်းပသလဲ ဆိုတာကို ကြည့်တဲ့အခါကျတော့ ကျွန်တော်တို့ရဲ့ ဗမာပြည်အခြေအနေကိုခဏထားပြီး ကမ္ဘာကြီးကိုလှမ်းကြည့်ကြစို့။ ကမ္ဘာကြီးကို ကြည့်တဲ့အခါမှာ သည်နေ့နိုင်ငံတွေမှာ နှစ်ပေါင်းများစွာ တွန်းကားခဲ့လို့ ၁၈ ရာစု၊ ၁၉ ရာစုအနှစ် ၂၀၀ လုံးလုံးမှာ မားမားစွင့်စွင့်ပေါ်ပေါက်ထွန်းခဲ့တဲ့ ပါလီ

မန့်ဒီမိုကရေစီစံနစ်သည် ဘယ်သူ့ပိုင် ပစ္စည်းလဲဆိုတာနှင့် ပတ်သက်
လို့ ကမ္ဘာ့သမိုင်းကို ပြန်ကြည့်တဲ့အခါမှာ သက်ဦးဆံပိုင် ရှင်ဘုရင်
တွေနှင့် နိုင်ငံအသီးသီးမှာရှိနေကြတဲ့ လွတ်လပ်စွာ ကုန်သွယ်ချင်တဲ့
အရင်းရှင်များနှင့် မြေယာမဲ့ လယ်သမားများရဲ့ တိုက်ပွဲကနေပြီး
ပေါ်ပေါက်လာတဲ့ ဒီမိုကရေစီ သဘောတရားမျိုးဖြစ်ပါတယ်။ ဆိုလို
ရင်းက သက်ဦးဆံပိုင်ရှင်ဘုရင်တွေနှင့် အရင်းရှင်များရဲ့ တိုက်ပွဲက
နေပြီး ပါလီမန်ဒီမိုကရေစီစံနစ်၊ ပါလီမန် ဒီမိုကရေစီ ထုံးတမ်းစဉ်
လာကြီးများ ပေါ်ပေါက်လာတာဟာ အထင်အရှား ဖြစ်ပါတယ်။
သည်လိုပေါ်ပေါက်လာပြီးသည့်နောက် ၎င်းတို့အနေနှင့် ရလာတာ
ကိုဘဲကမ္ဘာကြီးတခုလုံးဟာ မားမားစွင့်စွင့်သည်ပါလီမန်ဒီမိုကရေစီ
စံနစ်ကြီး ကို လက်ခံလာခဲ့တယ်၊ ဘာကြောင့်လဲဆိုလျှင် သက်ဦးဆံပိုင်
ရှင်ဘုရင်ဝါဒ၊ မေါင်းတော်ငြိမ့် စိတ်တော်သိရမည်ဆိုတဲ့ အင်မတန်
ကြောက်စရာကောင်းတဲ့ရှင်ဘုရင်ဝါဒနှင့်ပါလီမန်ဒီမိုကရေစီဝါဒက
အပြတ်အသတ် ကွာခြားပါတယ်၊ ပါလီမန် ဒီမိုကရေစီ စံနစ်ဟာ
အင်မတန်တိုးတက်ခဲ့ပါတယ်၊ တိုးတက်ခဲ့တဲ့အတိုင်း ကမ္ဘာကြီးတခု
လုံးက လက်ခံခဲ့ကြပါတယ်၊ရှင်ဘုရင်တွေကိုပလ္လင်ပေါ်ကမောင်းချခဲ့
ပါတယ်၊ဥက္ကဋ္ဌကြီးခင်ဗျား၊ သည်နောက်ပိုင်းမှာ ပဋ္ဌမကမ္ဘာစစ်ကြီး
ပြီးတဲ့အခါကျတော့ ပါလီမန်ဒီမိုကရေစီကို အရင်းရှင် နိုင်ငံတွေက
အရင်းရှင်ကြီးတွေက ပါလီမန် ဒီမိုကရေစီစံနစ်ကို ပြန်လည် ရုပ်သိမ်း
စပြုလာတာကို ဝမ်းနည်းစွာတွေ့ရပါတယ်။ ဘယ်ကစပြီး ရုပ်သိမ်း
သလဲဆိုလျှင် သူတို့ရဲ့ လက်အောက်ခံနိုင်ငံတွေမှာ သူတို့ကိုမှီခိုနေရတဲ့
နိုင်ငံတွေမှာ ပါလီမန်ဒီမိုကရေစီကို ပြန်လည် ရုပ်သိမ်းလာပါတယ်၊
ဘာကြောင့် ရုပ်သိမ်းလာသလဲလို့ မေးစရာရှိပါတယ်၊အလုပ်သမား
လယ်သမားများဟာ အရင်းရှင်ကြီးများရဲ့ သွေးစုတ်ချယ်လှယ်မှုကို
မခံနိုင်လို့ ကျွန်နိုင်ငံ ကျွန်တပိုင်းနိုင်ငံတွေဟာ ပါလီမန်ဒီမိုကရေစီ
ဘောင်ကိုကိုင်ဆွဲပြီး ခုခံတွန်းလှန်ခဲ့ကြပါတယ်။ သည်လိုခုခံတွန်းလှန်

ခဲ့တဲ့အခါမှာ ပါလီမန် ဒီမိုကရေစီစံနစ်ကို အရင်းရှင် ကြီးများက
ကြောက်လန့်ပြီး သူတို့ပစ္စည်းကို သူတို့ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။
ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒုတိယကမ္ဘာစစ်ကြီးပြီးတဲ့အခါမှာ သည်လို
ရုပ်သိမ်းလာတာပိုမိုထင်ရှားပါတယ်။ ယခုဆိုလျှင်တောင်အမေရိက
တိုက်နိုင်ငံများက ပါလီမန်ဒီမိုကရေစီစံနစ်ကြီးကို ပြန်လည် ရုပ်သိမ်း
ပြီး စစ်အာဏာရှင်စံနစ်ကို ထူထောင်နေကြပါတယ်။ သည်လိုထူ
ထောင်တာကိုတိုင်းသူပြည်သားတွေက မခံမရပ်နိုင်ကြပါဘူး။ မခံမ
ရပ်နိုင်ကြလို့ ပြန်လည် တွန်းလှန်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်က ၁၉၅၈
ခုနှစ်အထိ ၁၀ နှစ်အတွင်းမှာ အာဏာရှင် ၁၁ ယောက် ပြုတ်ကျ
သွားခဲ့ပါပြီ။ ဒါကြောင့်အရင်းရှင်ကြီးတွေဟာပါလီမန် ဒီမိုကရေစီ
စံနစ်ကို ကြောက်လန့်ပြီး ပြန်လည်ရုပ်သိမ်းလာခဲ့ခြင်းဖြစ်ပါတယ်။

အာဖရိကမှာ

ဥက္ကဋ္ဌကြီးခင်ဗျား၊ အာဖရိကတိုက် လက်အောက်ခံ ကျွန်နိုင်ငံ
တွေမှာ ပါလီမန် ဒီမိုကရေစီဘောင်ကို ကိုင်ဆွဲပြီး အလုပ်သမား
လယ်သမားများဟာ မိမိတို့ဘဝတိုးတက်မှု ဆောင်ရွက်ရေးအတွက်
တိုးတက်ပြီးဆောင်ရွက်ခဲ့ကြပါတယ်၊ ဒါကို အင်မတန်ကြောက်ရွံ့
ထိတ်လန့်ပြီး နှစ်ပေါင်း ၂၀၀ ကျော်က ထွန်းကားခဲ့တဲ့ ပါလီမန်
ဒီမိုကရေစီဝါဒကြီးကို သူတို့ဟာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။အာဖ
ရိကနှင့်အာရှနိုင်ငံတွေမှာ ပါလီမန်ဒီမိုကရေစီကိုပြန်လည် ရုပ်သိမ်း
ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒါ့ထက် ပိုမိုဆိုးရွားတာရှိပါသေး
တယ်။ ကမ္ဘာကြီးမှာ ပြင်သစ်တော်လှန်ရေး ကြီး ဟာ ကမ္ဘာ့ပါလီမန်
ဒီမိုကရေစီ ခေါင်းလောင်းကြီးကို ပဋ္ဌမဆုံး တော်ထိုးခဲ့တဲ့ တော်လှန်
ရေးကြီးဖြစ်ခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ သည်တော်လှန်ရေး ကြီးကိုစတင်
ခေါင်းလောင်းထိုးခဲ့တဲ့ ပြင်သစ်ပြည်မှာပင်လျှင်ပါလီမန်ဒီမိုကရေစီ
စံနစ်ကြီးကို ပြန်လည်ရုပ်သိမ်းနေပါတယ်၊ ဒါကြောင့် ကမ္ဘာကြီးမှာ

ပါလီမန်ဒီမိုကရေစီကို ပြည်သူတွေထံက ပြန်လည် ရုပ်သိမ်းနေတဲ့ ကာလကြီးမှာ ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းဖြစ်တဲ့ ယိုဒယားတို့ ပါကစ္စတန်နိုင်ငံတို့မှာလည်း အလုပ်သမား လယ်သမားနှင့် ပြည်သူ ပြည်သားများက ပါလီမန်ဒီမိုကရေစီကြီး တိုးတက်ကျယ်ဝန်းရေး ကို တောင်းဆိုတိုက်ပွဲဝင်နေတဲ့အခါမှာ စစ်အာဏာရှင်စံနစ်များကို ထူထောင်ပြီး ပါလီမန်ဒီမိုကရေစီကို ပြန်လည်ရုပ်သိမ်းပြီး ငါတ ကောကောပြီး အနိုင်ကျင့်နေတဲ့ အခါကာလများနှင့် တိုက်ဆိုင်နေတဲ့ အတွက် ဗမာပြည်မှာလည်း ပါလီမန်ဒီမိုကရေစီကို ရုပ်သိမ်းခံရ တော့မည်လောဆိုတဲ့ သည်ပုစ္ဆာကြီး ဟာ ကျွန်တော်တို့ အသည်း နှလုံး၊ ခေါင်းထဲမှာ နေ့စဉ်နှင့်အမျှ ထိုးကျင်နေတဲ့ သဘော မျိုးခံစား နေရပါတယ်။

ကြီးမားတဲ့ အဟုန်

ဒါကြောင့် ယနေ့ ကမ္ဘာကြီးကို ကြည့်မည်ဆိုလျှင် ပါလီမန် ဒီမိုကရေစီကို ရုပ်သိမ်းရတဲ့ အကြောင်းသော့ချက်ကို ပြန်ကိုင်ကြည့် တဲ့အခါမှာ အားလုံးသော အမတ်မင်းများ သိတော်မူတဲ့ အတိုင်း ကမ္ဘာ့လူဦးရေ သန်းပေါင်း ၂၇၀၀ အနက် ဆိုရှယ်လစ်လောကမှာ သန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး လွတ်လပ်ခါစ နိုင်ငံတွေက သန်း ပေါင်း ၇၀၀ လောက်ရှိပါတယ်၊ လွတ်လပ်ရေးတိုက်ပွဲဝင်နေတာ က သန်းပေါင်း ၆၀၀ ရှိပါတယ်။ ကမ္ဘာ့ လူဦးရေသန်းပေါင်း ၂၇၀၀ မှာ သန်းပေါင်း ၂၃၀၀ သောလူများတို့သည် ကမ္ဘာ့ဒီမို ကရေစီဘောင်အတွင်းက ကြီးစွာသောအဟုန်ဖြင့် တိုးတက်တိုက်ပွဲဝင် နေတယ်ဆိုတာ သူတို့ကမြင်နေပါတယ်။

ဒါကြောင့်လဲ လူဦးရေ သန်းပေါင်း ၄၀၀ ရှိ အရင်းရှင်လောက ကြီးထဲမှာ ပါလီမန် ဒီမိုကရေစီကို ပျိုးထောင်ခဲ့တဲ့ အရင်းရှင်ကြီးတွေ ကပင်လျှင် သူတို့ပစ္စည်းကိုသူတို့ပြန်လည်ကြောက်ရွံ့ပြီး ရုတ်သိမ်း

5

ရန်သဘောတွေကို ဝမ်းနည်းစွာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒါကကမ္ဘာ့လက္ခဏာဖြစ်ပါတယ်။

အတိတ်ကိုပြန်သော်

ဥက္ကဋ္ဌကြီးခင်ဗျား၊ ။ကျွန်တော်တို့ တိုင်းပြည်ရဲ့ လက္ခဏာကို ပြန်ကြည့်ရအောင်။ သည်လိုစုံးရိမ်ပူပန်စရာအချိန်မှာ သည်ပါလီမန် လွှတ်တော်မှာ ရှင်းပြပါမည်။ ကျွန်တော်တို့ ဗမာနိုင်ငံမှာလည်း ၁၉၄၅ ခုနှစ်မှ ၁၉၅၀ ခုအထိ ပါလီမန် ဒီမိုကရေစီ အလံကိုမားမား မတ်မတ်ကိုင်ကွယ်ခဲ့တာဟာ ဖဆပလ အဖွဲ့ကြီးသာဖြစ်ပါတယ် ဒါကို ကျွန်တော်တို့ဂုဏ်ယူပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ၁၉၄၆ ခုနှစ်က ၁၉၅၀ ခုနှစ်အထိသည်ပါလီမန်ဒီမိုကရေစီအောင်လံကို လွှင့် တင်ပြီးတော့ တဖွဲ့ထည်း အနေဖြင့် တိုးတက်လုပ်ဆောင်ခဲ့ပါတယ်။ သို့သော်လည်း အကြောင်းအား လျော်စွာတဲ့ ကျွန်တော်အတိတ်ကို ပြန်ပြောင်းပြောပါရစေ၊ ၁၉၅၈ ခုနှစ်မှာ ကျွန်တော်တို့တတွေဟာ ထွက်ခဲ့တာဟာ အမှန်စင်စစ်မှာ ဖဆပလက ကျွန်တော်တို့ထွက်တာ မဟုတ်ပါဘူး၊ ဖဆပလ က ကျွန်တော်တို့ကို ကန်ချခဲ့တဲ့ သဘောပါ ဘဲ။ ဆိုရှယ်လစ်ပါတီက အကြောင်းအားလျော်စွာ ထွက်ခဲ့ရပါတယ် အဲသည်လို ထွက်ခဲ့တဲ့ အခါမှာ ပါလီမန် ဒီမိုကရေစီ ဘောင်မှာရဲရဲ ရင့်ရင့်လုပ်ကိုင်ခဲ့ပါတယ်၊ သေသေချာချာလည်းကျေညာခဲ့ပါတယ်။ သည်နေ့ထွက်နက်ဖြန်ကို သတင်းစာတွေမှာ သတင်းစာ ကွန်ဖရင့်အ စည်းအဝေးကျင်းပပြီးတော့ ကျွန်တော်တို့ဟာ လက်နက်မကိုင်ပါ ဘူး၊ တောမခိုပါဘူး။ ငြိမ်းချမ်းစွာယှဉ်ပြိုင်၍ ပါလီမန် ဒီမိုကရေစီ ဘောင်ကို ရဲရဲရင့်ရင့်တပ်စွဲပြီး ပြည်သူတို့၏အကျိုးကိုပြုပါမည်ဆိုတာ ရဲရဲရင့်ရင့် ကျွန်တော်တို့ ကျေညာခဲ့ပါတယ်။ ဘယ်လောက်များ ကျွန်တော်တို့ခံခဲ့ရသလဲဆိုလျှင် ဥက္ကဋ္ဌကြီးနှင့်တကွ ဗိုလ်ချုပ်ကြီးနေ ဝင်းရော လွှတ်တော်အမတ်မင်းများပါ အားလုံးသိပါတယ်။ ဒီမိုက

ရေစီ ဘောင်အတွင်းမှာတပ်စွဲပြီးနေခြင်းဖြင့် ကျွန်တော်တို့ခံစားရတဲ့ ဒုက္ခတွေ၊ သေခဲ့ရတဲ့ ရဲဘော်တွေ၊ အသတ်ခံခဲ့ရတဲ့ ရဲဘော်တွေ၊ အဘမ်းအဆီးခံခဲ့ရတဲ့ ရဲဘော်တွေ အမြောက်အများ ဖြစ်ပါတယ်၊ ဘယ်လောက်မတရားခံရသလဲဆိုရင် ၄ လောင်းပြိုင်၊ ၅ လောင်းပြိုင် အသတ်ခံခံခဲ့ရသည်အထိ အမြောက်အမြား ခံခဲ့ရပါတယ်။ အဲသည်လိုဘာကြောင့် ခံခဲ့ရသဆိုလျှင် ပါလီမန်ဒီမိုကရေစီဘောင်မှာ တပ်စွဲခဲ့ခြင်းကြောင့် ဖြစ်ပါတယ်။ နောင်ခါမှ ဖြစ်ချင်တာဖြစ်ဆိုပြီး တောထဲဆင်းသွားလျှင် ဖြစ်နိုင်ပါတယ်။ ဒီလိုလုပ်သွားဘို့ အခါကာလတွေက အများကြီးတွန်းပို့ပေးခဲ့ဘူးပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ကမ္ဘာ့အလားအလာကို ယုံကြည်တာဟာ အချို့သူများယုံကြည်ဘာနှင့်တူချင်မှတူပါမည်၊ဆိုရှယ်လစ်စံနစ်ကိုငြိမ်းချမ်းစွာကူးပြောင်းနိုင်တယ်၊ International Trend အလားအလာ ရှိတယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့်သေပါစေ၊ သတ်ပါစေ၊ ဘမ်းပါစေ၊ ငါတို့ရဲရဲရင့်ရင့်တပ်စွဲကြစို့ရဲ့ ဆိုတာဟာ ဗမာပြည်အလုပ်သမားပါတီရဲ့ ကြွေးကြော်သံလည်းဖြစ်ပါတယ်။ ပမညတရဲ့ ကြွေးကြော်သံလည်းဖြစ်ပါတယ်။ အဲသည်လိုနဲ့ တိုက်ပွဲဝင်တဲ့အခါမှာ ၁၉၅၂ ခုနှစ် ပါလီမန် ရွေးကောက်ပွဲမှာ အတိုက်အခံပေါင်းအမတ် ၃၀ လောက် ကျွန်တော်တို့ရကြပါတယ်။ ဟိုအခါတုန်းက ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစုက ၁၂ ယောက်ရှိပါတယ်၊ အခြားအဖွဲ့အစီးများနှင့်ပေါင်းလျှင် ကျွန်တော်မှတ်မိသလောက်ဆိုလျှင် ၂၀ ကျော်ကျော် ၃၀ နီးပါးလောက်ဟာအတိုက်အခံဖြစ်ခဲ့ပါတယ်၊ ဒါက ၁၉၅၂ ခုနှစ်ရွေးကောက်ပွဲကပေါ့။ ၁၉၅၂ ခုနှစ်က ၁၉၅၆ ခုနှစ်ရွေးကောက်ပွဲမှာ ပမညတ အဖွဲ့ကြီး ဖွဲ့စည်းပြီးတော့ ပြည်သူတွေလိုလားတောင်းဆိုတဲ့ ငြိမ်းချမ်းရေး ဒီမိုကရေစီရေးအတွက်တောင်းဆိုချက်၊ အဲသည်လမ်းစဉ်နှင့် ပါလီမန် ဒီမိုကရေစီဘောင်ကို တပ်စွဲပြီးတော့ ပြည်သူတွေရဲ့ဆန္ဒခံယူပွဲကို ဆင်နွှဲခဲ့ပါတယ်။ အဲသည်လိုဆင်နွှဲခဲ့တဲ့အခါမှာ

၁၉၅၆ ခုနှစ် ရွေးကောက်ပွဲအပြီး မေလ ၁၅ ရက် ပဌမအသုတ် ရွေးကောက်ပွဲကြီး ပြီးခဲ့ပါတယ်။ အဲသည်ရွေးကောက်ပွဲမှာ စာရင်းဘယ်လိုပြသလဲဆိုလျှင်စုစုပေါင်းပေးတဲ့မဲပေါင်း ၃၆၃၇၀၁၃ မဲ ဖြစ်ပါတယ်။ ဖဆပလ ကရမဲက ၁၇၄၃၈၁၆ မဲဖြစ်ပါတယ်။ ရာခိုင်နှုန်းနှင့်ကြည့်မည်ဆိုလျှင် ပဌမအသုတ်မှာပေးတဲ့ မဲရဲ့ရာခိုင်နှုန်းမှာ ၄၇.၉ ဖြစ်ပါတယ်။

လက်နက်ပြဿနာ

သခင်ဘသက် (ဘိုကလေးတောင်ပိုင်း)။ ဥက္ကဋ္ဌကြီးခင်ဗျား၊ သူတို့တက်ရောက်လာခဲ့တဲ့အကြောင်းရင်းက အခြားကြောင့်မဟုတ်ပါဘူး။ သူပုန်လက်နက်ကိုင်တွေရဲ့ လက်ထဲမှာရှိတဲ့လက်နက်နှင့် ဘက်လာခြင်းဖြစ်ပါတယ်။

ဦးသိန်းဖေမြင့်(ဘုတလင်)။ ဥက္ကဋ္ဌကြီးခင်ဗျား၊ သူပုန်တွေက လက်နက်ကိုင်ပြီး သွင်းတယ်လို့ဆိုကြပါတယ်။ သည်လိုဆိုလျှင် အဲသည်တုန်းက ဖဆပလ လက်ထဲမှာရှိတဲ့ လက်နက်နှင့်သူပုန်လက်နက်နှင့် သူပုန်လက်ထဲမှာရှိတဲ့ လက်နက်ကိုနှိုင်းယှဉ်ကြည့်မည်ဆိုလျှင်သိနိုင်ပါတယ်။ ဘယ်သူကများသလဲဆိုတာ သိနိုင်ပါတယ်။

သခင်စံမြင့်(သနပ္ပင်)။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဦးသိန်းဖေမြင့်ဘဲ ဖြေစမ်းပါ၊ ဘယ်သူကများသလဲဆိုတာ။

သခင်ချစ်မောင်(သာယာဝတီ)။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပမညတဆိုလျှင် အားလုံးသိတော်မူတဲ့ အတိုင်းပါဘဲ၊ လက်နက်မဲ့ အာဏာခွဲဖြစ်ပါတယ်၊ အဲသည်လိုဘဝမျိုးက ပမညတ ဟာ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာ မဲပေါင်း ၁၁၃၉၂၀၆ ရခဲ့ပါတယ်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ပမညတ ရတဲ့မဲရော ဖဆပလ ကို ဆန့်ကျင်တိုက်ပွဲဝင်တဲ့ မဲရောအားလုံးပေါင်းလိုက်လျှင် ၁၅၃၀၆၃၀ မဲရပါတယ်၊ ရာခိုင်နှုန်းနှင့်တွက်ကြည့်မည်ဆိုလျှင် ၄၄.၈ ရာခိုင်နှုန်းဖြစ်ပါတယ်၊

မဲနှင့်အမတ်

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဖ-ဆ-ပ-လ နှင့် ပ-မ-ည-တ ဟာမဲအား ဖြင့် ကွာခြားချက်ဟာ ၅ သိန်းလောက်ပင် ကွာပြား သော်လည်း အမတ်အရေအတွက်ကို ကြည့်မည်ဆိုလျှင် ဖ-ဆ-ပ-လ က ၁၄၄ ယောက်ရပြီးတော့ ပ-မ-ည-တ က ၄၆ ယောက် ရရှိခဲ့ပါတယ်၊ သည်တော့ ရွေးကောက်ပွဲဟာ ဘယ်လိုသရုပ်ဖေါ်တယ်ဆိုတာ ထင် ရှားပါတယ်၊ အဲသည်လို မဲကွာခြားပြီးတဲ့နောက် မဲအားဖြင့်ပင်လျှင် အပြတ်အသတ် နိုင်တဲ့ ခရိုင်တွေရှိပါတယ်၊ လက်တွေ့ဆိုလျှင် ပဲခူး၊ မကွေး၊ မြင်းခြံ၊ အထက်ချင်းတွင်း၊ အောက်ချင်းတွင်း၊ ထားဝယ်ခရိုင် အဲတာတွေကို ကြည့်မည် ဆိုလျှင် ပ-မ-ည-တ က ဖ ဆ ပ လ ကို မဲအားဖြင့် အပြတ်အသတ်နိုင်ခဲ့ပါတယ်၊ ပမညတ ကိုရင်း၊ ပမညတ နှင့်တကွ အတိုက်အခံများကိုရင်း သဲသဲမဲမဲတိုက်ခဲ့ရတဲ့ ခရိုင်က ရခိုင် ပြည်၊မြောင်းမြ၊ ကျောက်ဆည်၊စစ်ကိုင်းနှင့် ပျဉ်းမနား အဲသည်ခရိုင် တွေဖြစ်ပါတယ်၊အဲသည်တော့ ဖ ဆ ပ လ ရတဲ့အမတ်နဲ့ ဖ ဆ ပ လ ကိုထောက်ခံတဲ့ အမတ်တွေကို ပေါင်းကြည့်တော့ ၁၆၉ ယောက် ဖြစ်ပါတယ်၊ ပ မ ည တ နှင့် ပ မ ည တ နဲ့ ပူးပေါင်း ဆောင်ရွက်တဲ့ အမတ်တွေက ၅၃ ယောက်ရပါတယ်။

သွေးရှူးသွေးတန်းအော်ခဲ့ပုံ

ဥက္ကဋ္ဌကြီးခင်ဗျား၊ဒီမိုကရေစီဘောင်ကိုအသက်အသေခံ အသတ် ခံပြီး တပ်စွဲခဲ့ရတဲ့အတွက် အင်မတန်အားရစရာ ကောင်းလောက် အောင် ပြည်သူပြည်သားတွေဘက်က အရေးသာခဲ့ပါတယ်၊ ဖဆပလ ဘက်က ကြည့်မည်ဆိုလျှင် ကြောက်လန့်စရာ ဖြစ်ပါတယ်၊ ဘယ် လောက်အထိ ကြောက်လန့်စရာ ဖြစ်လာသလဲဆိုလျှင် ပဋ္ဌမအသုတ် ရွေးပြီးတဲ့အခါမှာ မဲရေတွက်ပြီးတဲ့အခါမှာ ပ မ ည တ က ငွေကို

ရေလိုသုံးတဲ့အတွက်ကြောင့် တနည်းအားဖြင့် သူပုန်တွေက မဲပေးရ မည်ဆိုပြီး လက်နက်နှင့်ရိုက်ပို့လို့ သည်လောက်မဲတွေ ရပါတယ်ဆို ပြီးတော့ ဖ ဆ ပ လ ခေါင်းဆောင်အချို့ဟာ သွေးရူးသွေးတန်းနှင့် အော်ခဲ့ကြပါတယ်။ အဲသည်လို အော်တာနှင့် ပတ်သက် ပြီးတော့ ၁၉၅၆ ခုနှစ် မေလ ၁၅ ရက်နေ့ထုတ် နေရှင်းသတင်းစာက ရွေး ကောက်ပွဲနှင့် ပတ်သက်တဲ့ ဝေဘန်တဲ့ဆောင်းပါးက ဖ ဆ ပ လ မဲကျသွားတာဟာ အံ့သြစရာ ကောင်းလောက်အောင် ဖြစ်ပါတယ် ဆိုပြီးမဲအရေအတွက်နှင့်ပတ်သက်ပြီးဝေဘန်ချက်တခုပါလာပါတယ် အဲသည့်ဝေဘန်ချက်ကို ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဗမာဘာသာပြန် ချက်နှင့်ပတ်သက်ပြီး အနည်းငယ်ဘတ်ပြပါရစေ။

"ဖ ဆ ပ လ အဖွဲ့ချုပ်အတွက် မဲအရေအတွက် ကျသွားတာဟာ သူပုန်တွေ ချိန်းချောက်မှုကြောင့် မှန်သလားကြည့်လျှင် ဓမ္မဓိဋ္ဌာန်ကျ ကျကြည့်လျှင် မမှန်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုလျှင် ဖ ဆ ပ လ ရတဲ့ မဲဦးရေဟာ ကျေးလက်ဒေသမဲတွေဖြစ်ပြီး၊ အတိုက်အခံရတဲ့ မဲ ဦး ရေဟာ မြို့နေလူထုကအများဆုံး မဲပေးတာကို တွေ့ရတယ်၊ ဖဆပလ ကမြို့နေလူထုမဲကို အပြတ်အသတ် ရတာဟာ ၂ မြို့သာ ရှိပါတယ်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများသာဖြစ်တယ်" လို့ အဲသည်လိုရေး သားထားတာ တွေ့ရပါတယ်။

ဥပမာ ကျွန်တော့ကိုယ်တွေ့ဖြစ်ပါတယ်၊ ကျွန်တော့ကိုယ်တွေ့ဆို လျှင်ကျွန်တော်တို့ရဲ့ဘော်ကြီးသခင်တင်တို့၊ဦးကျော်ငြိမ်းတို့၊ ဦးဗဆွေ တို့သိပါတယ်၊ ကျွန်တော်ဆိုလျှင် သုံးဆယ်နှင့် သာယာဝတီ မြို့ကြီး တွေက မဲများသာရပါတယ်။

တောမဲတွေကို မပေးနိုင်တဲ့အခြေအနေကို တဘက်ကဖန်တီးထား တာတွေ့ရပါတယ်၊ ကျွန်တော် ပြောရလျှင် ဖ ဆ ပ လ မဲများဟာ အပြတ်အသတ်ကျလာပြီဆိုတာကို တွေ့ရပါတယ်၊ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ပ မ ည တ ရအောင် နောက်ပိုင်း ဒုတိယနှင့် တတိယ

အရစ်ရွေးကောက်ပွဲတွေမှာ ပြောမကောင်းအောင် အလောင်းချင်း ထပ်ပြီးတော့ ညစ်ပတ်ခြင်းခံခဲ့ရပါတယ်။ ဘာကြောင့် ပါလီမန်ဒီမို ကရေစီဘောင်ကို သည်လိုတပ်စွဲပြီးနောက် ကျွန်တော်တို့တတွေနှင့် ပြည်သူလူထုတွေဟာ တိုက်ပွဲဝင်လာကြတဲ့အခါကျတော့ သည်လို လက္ခဏာကြီးတွေ အထင်အရှားတွေ့ရပါတယ်။ ၁၉၅၀ နှစ်ရွေး ကောက်ပွဲဆိုလျှင် သာမန်အားဖြင့် တွက်နိုင်တာက ပြည့်ပြည့် စုံစုံ ညီညီ ညွတ်ညွတ်ရှိတဲ့ ဖဆပလ လက်ထက်တုံးကတောင်မှ သည်အ ခြေအနေရှိလျှင် ယခုလို အကွဲကွဲအပြားပြား ဖဆပလ ကြီးဆိုလျှင် ဘယ်လိုနေမည်လဲ၊ ကမ္ဘာရဲ့သည်အခြေအနေမှာ နယ်ချဲ့သမားတွေ အင်မတန် ဩဇာကျပြီးတော့ ကမ္ဘာ့ပြည်သူ ဆင်းရဲသားတွေ တိုး တက်နေတဲ့ အခြေအနေတွေနှင့် ရင်ဆိုင်ရတဲ့ အခြေအနေမျိုးမှာ အကယ်၍များ တရားမျှတသန့်ရှင်းတဲ့ ရွေးကောက်ပွဲကြီးကို ကျင်းပ လိုက်မည်ဆိုလျှင် ပ မ ည တ များနိုင်သွားမည်လောလို့ ရွေးကောက် ပွဲကို ကြောက်ရွံ့သူများအတွက် တာဟာ ဆန်းတဲ့ပြဿနာမဟုတ် ပါဘူးလို့ ကျွန်တော်တို့လည်း တွက်ကိန်းရပါတယ်၊ သို့သော်လည်း ဥက္ကဋ္ဌကြီးခင်များ၊ ကျွန်တော်တို့ထက်သာတဲ့အဖွဲ့တွေရှိပါတယ်၊ တာ ကသည်ဘက်ကာလကို မပြောနိုင်ပါဘူး၊ ဟိုဘက်ကာလမှာ ကြည့် မည်ဆိုလျှင် သန့်ရှင်း ဖ ဆ ပ လ ဘဲရှိပါတယ်၊ သန့်ရှင်း ဖ ဆ ပ လ အနေနှင့်သော်၎င်း၊ ပ မ ည တ အနေနှင့် သော်၎င်း၊ ပါလီမန် ဒီမိုက ရေစီဘောင်ကို တပ်စွဲတဲ့နေရာမှာ မိမိတို့ အကျိုးစီးပွါးဖြစ်လာနိုင် ပါတယ်။

တာက ပါတီသဘောနှင့် ဥပမာပြောတာပါ၊ တိုင်းပြည်ရဲ့ အ ကျိုးစီးပွါးအနေနှင့်ကြည့်မည်ဆိုလျှင် ပါလီမန် ဒီမိုကရေစီနည်းမှ တပါး အခု အခြေအနေမှာ အခြားနည်းနှင့် ဘယ်ပြဿနာကို မှဖြေရှင်းလို့မရနိုင်ပါဘူး၊ သန့်ရှင်း ဖ ဆ ပ လ နှင့် ပ မ ည တတို့ဟာ ရွေးကောက်ပွဲကိုဝင်ရပါတယ် သည်အဖွဲ့တွေသာလျှင်ရွေးကောက်ပွဲ

ဝင်ရဲတဲ့အဖွဲ့များ ရှိပါတယ်လို့ ကျွန်တော် ရိုးရိုးသားသားမြင်ပါ တယ်၊

သခင်စံမြင့်(သနပ္ပင်)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ပမညတ ကခွဲ ထွက်သွားတဲ့ တရားမျှတကိုရောထည့်ပြောပါဦး၊

သခင်ချစ်မောင် (သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ရွေး ကောက်ပွဲပြိုင်ရဲတဲ့အဖွဲ့တွေအားလုံးပါပါတယ်၊ တည်မြဲလည်း ပြိုင်ရဲ လျှင်ပါပါကယ်၊

သခင်ဘသက်(ဘိုကလေး တောင်ပိုင်း)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြိုင်ရဲပါတယ် မကြောက်ပါဘူး၊ သိပ်မပြောပါနဲ့၊

သခင်ချစ်မောင်(သာယာဝတီ)။ ။ဥက္ကဋ္ဌကြီး ခင်ဗျား၊ သည် လိုအခြေအနေမျိုးကိုကြောက်လန့်တဲ့အတွက် စိုးရိမ်တဲ့အတွက် သည် နေ့ပါလီမန်ဒီမိုကရေစီကို ပါလီမန်လွှတ်တော်ထဲမှာသော်၎င်း ပြည် သူလူထုအပေါ်မှာသော်၎င်း ပြန်လည်ရုတ်သိမ်းရော့သလားဆိုတာ သည်နေ့ ကျယ်ကျယ်မေးပြီးတိုးတိုးဖြေနေတဲ့ ပုစ္ဆာရဲ့အဖြေဖြစ်နိုင် ကောင်းရဲ့လို့ ကျွန်တော်သေသေချာချာ ယုံကြည်ပါတယ်။ ဥက္ကဋ္ဌ ကြီးခင်ဗျား အဲသည့်နောက်ကွယ်မှာ..............

ဗိုလ်ခင်မောင်(ညောင်လေးပင် အနောက်ပိုင်း)။ ။ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျယ်ကျယ်မေးပြီးတိုးတိုးဖြေတယ်ဆိုတာ အဓိပ္ပါယ်နားမ လည်ပါဘူး ကျေးဇူးပြုပြီးရှင်းပြပါ။

သခင်ချစ်မောင်(သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ အဲသည့် နောက်ကွယ်မှာ တခြားအကြောင်းများ ရှိသေးသလားလို့ စစ်ဆေး ကြည့်ပါတယ်၊ အချို့က အထင်မှားကြပါတယ်၊

ဗိုလ်ခင်မောင်(ညောင်လေးပင် အနောက်ပိုင်း)။ ။ဥက္ကဋ္ဌကြီး ခင်ဗျား၊ ကျွန်တော်မေးတာကို မဖြေသေးပါဘူး၊

ဦးတင်မောင် (ညောင်လေးပင် အရှေ့ပိုင်း)။ ။ဥက္ကဋ္ဌကြီးခင် ဗျား၊ ကျွန်တော်ဖြေပါမည်၊ ကျယ်ကျယ်မေးပြီး တိုးတိုးဖြေတယ်ဆို

တာ ပါလီမန်ဒီမိုကရေစီကိုမသုံးဘဲ သေနတ်ကြီးကိုင်ပြီး ဖြိုင်ရဲတဲ့လူကိုပြောတာပါ၊

ဗိုလ်ခင်မောင်(ညောင်လေးပင် အနောက်ပိုင်း)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ တာလည်းမဟုတ်သေးပါဘူး၊

သခင်ချစ်မောင်၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တင်ပြချက်အတိုင်းဆိုလျှင် အချိန်သည်လောက်မစားပါဘူး၊ မေးတဲ့ မေးခွန်းတွေအတွက်ကြာနေတယ်။

ကွန်မြူနစ်ဆန့်ကျင်ရေးတန္တ

သခင်စံမြင့်(သနပ္ပင်) ဥက္ကဋ္ဌကြီးခင်ဗျားပြောတာကလည်း ပါတီကိုကြော်ငြာတာဖြစ်ပါတယ်။ မိန့်ခွန်းကိုဝေဖန်တာမဟုတ်ပါဘူး။

သခင်ချစ်မောင်(သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ တာရဲ့နောက်ပိုင်းမှာ ပါလီမန် ဒီမိုကရေစီကို ရုပ်သိမ်းတဲ့နေရာမှာ သည်အကြောင်းများရှိသေးတယ်လို့ဆိုတာ တစ်အင်သိရပါတယ်။ သည်အကြောင်းကတခြားမဟုတ်ပါဘူး။ ကွန်မြူနစ် ဆန့်ကျင်ရေးတန္တကြီး ချောက်နေတယ်လို့သိရပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေးဘန္တကြီးကို ကျွန်တော်နည်းနည်း ရှင်းချင်ပါတယ်။ သည်နေ့တိုင်းပြည်မှာ မလိုလားအပ်တဲ့ ကွန်မြူနစ် တန္တ ချောက်ခြင်းကို ခံနေရတဲ့အတွက် ဝမ်းနည်းစွာတွေ့ရပါတယ်။ တပ်မတော်အနေနှင့် ကွန်မြူနစ်ပါတီကို တိုက်တာဘာမှမပြောလိုပါဘူး။ ကွန်မြူနစ်ကိုဥပဒေသဘောနှင့်ပြောရလျှင် လက်နက်ကိုင်ပါတီဖြစ်ပါတယ်၊ လက်နက်ကိုင်ပါတီဖြစ်တဲ့အတွက် ဥပဒေသဘောနှင့်ပြောရလျှင် တက်နေတဲ့အစိုးရကတိုက်ဆိုလျှင် တပ်မတော်က တိုက်မှာပါဘဲ၊ သို့သော်လည်း ကွန်မြူနစ် ပါတီကိုတိုက်တာထက် ဘာမှမဆိုင်တဲ့ ကွန်မြူနစ်ဝါဒကိုပါအကြီးအကျယ် တိုက်တာတွေ့ရပါတယ်။ ဥပမာတပ်မတော်ကထုတ်ဝေတဲ့ ခေတ်ရေးဂျာနယ်တို့၊ မြဝတီမဂ္ဂဇင်းတို့၊ အသံလွှင့်ဌာန

အစရှိတဲ့နေရာတွေမှာ ကွန်မြူနစ် ဝါဒကိုနှိမ်နင်းရေး စက်မောင်းကြီးကိုနေ့စဉ်နှင့်အမျှအားကုန်မောင်းနေတာတွေ့ရပါတယ်။ သည်လိုမောင်းခြင်းကြောင့် ကျွန်တော်တို့ဗမာနိုင်ငံမှာမလိုလားအပ်တဲ့ ငြိမ်းချမ်းရေးရဲ့အခြေခံသဘောကိုဖျက်ဆီးနေတဲ့ ဝါဒတိုက်ပွဲတွေ ဖြစ်ပေါ်နေတာတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား(ကွန်မြူနစ်ဝါဒဆိုတာမိုးပေါ်ကကျလာတဲ့ ဝါဒမဟုတ်ပါဘူး။ ကွန်မြူနစ်ဝါဒဆိုတာ အလုပ်သမား၊ လယ်သမားတွေရှိနေသမျှ ကွန်မြူနစ်ဝါဒရှိမြဲဓမ္မတာဘဲဖြစ်ပါတယ်။ ကွန်မြူနစ်ဝါဒကို ကမ္ဘာမြေပြင်ကပျောက်သွားချင်တယ်ဆိုလျှင် အလုပ်သမားလယ်သမားတွေ ဖျောက်ပစ်ဘို့လိုပါတယ်။ အလုပ်သမား လယ်သမားတွေဖျောက်ပစ်လျှင် အလုပ်သမားလယ်သမားပေါ်မှာ သွေးစုတ်ခြင်းနှင့် တည်နေနိုင်တဲ့ အရင်းရှင် လောကကြီးလည်း ပျောက်သွားမှာဘဲ၊ အရင်းရှင် လောကကြီး ပျောက်သွားလျှင် အလုပ်သမား လယ်သမားတွေ အောင်ပွဲ ခံနေရမှာဘဲ။ သည်လို အလုပ်မား လယ်သမားများ အောင်ပွဲခံလျှင် ကွန်မြူနစ်ဝါ ကလည်း အောင်ပွဲခံရမှာဘဲ။တာကြောင့် ကွန်မြူနစ်ဝါဒဟာ မိုးပေါ်က ကျတာမဟုတ်ပါဘူး၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဗုဒ္ဓဘာသာနှင့် အင်မတန်တူပါတယ်၊ ကမ္ဘာပေါ်မှာရှိကြတဲ့ ဘာသာတွေမှာ ဗုဒ္ဓ ဘာသာကို တခြား ဘယ် ဘာ သာမှ မယှဉ်နိုင်တဲ့ အကြောင်းရှိပါတယ်။ ဘာကြောင့်လဲဆိုလျှင်ဗုဒ္ဓဘာသာအခြေခံတရားဟာတည်ထွင်ဖန်တီးတဲ့ သဘောတရားမဟုတ်ပါဘူး။တနည်းအားဖြင့်ဆိုလျှင် ဗုဒ္ဓအဘိဓမ္မာဟာဖန်တီးတဲ့ အဘိဓမ္မာ မဟုတ်ပါဘူး၊ လောကမှာပကတိ တည်ရှိနေတဲ့ မဟာဘူတ တရားကြီး ၄ ပါးပေါ် တည်ဆောက်တဲ့တရားဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာကြီးမှာ မဟာဘူတတရား ၄ ပါးမပျောက်ကွယ်သမျှ ကာလပတ်လုံး ဗုဒ္ဓဘာသာ တရားဟာမပျောက်ကွယ်နိုင်ပါဘူး။)ထိုသို့သောဖြစ်ပွဲဏဝါဒ၊ ဟိန္ဒူဝါဒ၊ သက္ကာယဝါဒ၊ အတ္တဝါဒများလွှမ်းမိုးနေလျှင်နေမည်။ အနတ္တသဘောတရားဟာဘယ်နည်းနှင့်မျှမပျောက်ကွယ်နိုင်ပါဘူး။ ဗုဒ္ဓဘာသာတရားဟာ ပျောက်ကွယ်မသွားနိုင်ပါဘူး၊ သည်လိုဘဲကွန်မြူနစ် သဘောတရားဟာ ပြကတေ့သဘောတရားမှာတည်တဲ့ဝါဒ ဖြစ်ပါတယ် ဒါကြောင့် ကွန်မြူနစ်ဝါဒကို နှိမ်နင်းချင်ပါတယ်။ ဆိုလျှင်နှိမ်နင်းလို့မရပါဘူး။ကမ္ဘာမှာ ဟန့်တားတဲ့ နည်းနှစ်နည်းဘဲရှိပါတယ် တာကို ကွန်မြူနစ်ဝါဒ ဆန့်ကျင်သူတွေအတွက် လက်ဆောင်ပေးပါတယ်။

တနည်းက ဘာလဲဆိုလျှင် နေရူးနည်း။ နောက်တနည်းက အမေရိကန် ဒါးလက်(စ်)ရဲ့ နည်းဖြစ်ပါတယ်။ အမေရိကန် ဒါးလက်(စ်)ရဲ့နည်းက တော့သူပြုတ်ငါပြုတ်ဆော်တဲ့နည်းဖြစ်ပါတယ်။ ဒါပေမည့်သူပြုတ်သာဖြစ်ပြီး ငါမပြုတ်ပါဘူး၊ နေရူးနည်းကတော့ငြိမ်းချမ်းစွာယှဉ်ပြိုင်ရေး၊ အချိန်ယူပြီး ကွန်မြူနစ်ဝါဒကို မနိုင်နိုင်ဘူးဆိုတာ သိညားသော်လည်း အချိန်ဆွဲပြီး၊ ကွန်မြူနစ်ဝါဒကို တားမြစ်တဲ့သဘောရှိပါတယ်။ တာဟာ နေရူးရဲ့ နည်း ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံကြီးတနိုင်ငံဖြစ်တဲ့ သန်းပေါင်း၄၀၀ ကျော်ရှိတဲ့ အိန္ဒိယနေရူးဟာ ကွန်မြူနစ်ဝါဒကို နှိမ်းနင်းတာနှင့် သန်းပေါင်း ၆၀၀ ကျော်ရှိတဲ့ တရုပ်ပြည်ကချန်ကေရှိတ် နည်းဟာ မတူပါဘူး၊ ချန်ကေရှိတ် နည်းက (Politcal Personaiity)

ဦးလှအောင်(ဝေါ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ အီဂျစ် သမတ နတ်ဆာ နည်းသုံးလျှင်ရော ကောင်းမလားလို့မေးချင်ပါတယ်။

သခင်ချစ်မောင်။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ တာတော့ ကိုယ်သုံး ချင်တဲ့ နည်းသုံးပေါ့၊ အမေရိကန်နည်းကသူပြုတ်ငါပြုတ်ချတဲ့အခါမှာချန်ကေရှိတ် ကပြုတ်ထွက်သွားပါတယ်၊ နေရူးက မပြုတ်ပါဘူး။ တချို့ ပုဂ္ဂိုလ်များကို နိုင်ငံရေးပုဂ္ဂိုလ်အရပြောပါရစေ။ ဗမာပြည်မှာလည်း နည်း ၂ နည်းဘဲရှိပါ တယ်၊ တနည်းက ဦးကျော်ငြိမ်းနည်းဖြစ်ပါတယ်၊တနည်းကဦးနုနည်းဖြစ်ပါ တယ်၊ ဦးနုနည်းက ငြိမ်းချမ်းစွာယှဉ်ပြိုင်ရေးနဲ့ ကော်မြူနစ်ဝါဒကို ကာလ ရှည်ထားတဲ့နည်းဖြစ်ပါတယ်၊ ဦးကျော်ငြိမ်းနည်းက ဘာလဲဆိုလျှင် သူပြုတ် ငါပြုတ် အပြုတ်ဖြုတ်ရေးဖြစ်ပါတယ်၊ ကျွန်တော် မေဒင် ဟောရဲပါတယ်၊ ဦးကျော်ငြိမ်းရဲ့နည်းက သူသာ မုချပြုတ်မှာဘဲဆိုတာမေဒင်ဟောရဲပါတယ်၊

ဦးထွန်းအောင်(ဒိုက်ဦး)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဖ-ဆ-ပ-လ ကွဲတုံး က ပ-မ-ည-တ က ခြေထိုးကြပါတယ်၊ ယခုလည်းခြေထိုးနေပါတယ်။

သခင်ချစ်မောင်။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ တာကြောင့် နယ်ချဲ့ နိုင်ငံကြီး များထဲမှာတောင် မတူပါဘူး၊ ကော်မြူနစ်ဝါဒကို နှိမ်နင်းတဲ့ အခါမှာ အမေရိကန်နည်းနှင့် အင်္ဂလန်နည်းတောင် ကွာပါတယ်၊ အမေရိကန်နိုင်င

က သူပြုတ်ငါပြုတ် ချတဲ့နိုင်ငံပါ၊ အမေရိကန်နိုင်ငံမှာ ပါလီမန် ဒီမိုကရေစီ ကိုပြန်လည် ရုပ်သိမ်းလာပုံနှင့် အကြမ်းပတမ်း ကိုင်ပုံများကို (High Treason) ခေါ် (သစ္စာဖေါက်မှုကြီး) ဆိုတဲ့ စာအုပ်မှာ ပြန်ကြည့်လျှင် အသေအချာတွေ့ရပါလိမ့်မယ်၊ အင်္ဂလန်နိုင်ငံမှာ ပါလီမန် ဒီမိုကရေစီကို အစွမ်းကုန်ချဲ့တယ်၊ အစွမ်းကုန်ချဲ့ရင်း ကွန်မြူနစ်ဝါဒကိုနှိမ်နင်းတယ်၊ သည် လိုနှိမ်နင်းတဲ့နေရာမှာ အစွမ်းကုန်ချဲ့လေ အချိန်ရှည်လေ ဆိုတာ အသေ အချာပါဘဲ၊ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်နိဂုံးချုပ်ချင်ပါတယ်။နိဂုံးချုပ် ချင်တာက ဗမာပြည်ရဲ့ထွက်ရပ်လမ်းက ဘယ်မှာရှိသလဲလို့မေးရင် ဗမာ ပြည်ရဲ့ထွက်ရပ်လမ်းဟာ ဗမာ လူဦးရေပေါင်း သန်း ၂၀ ကျော်လိုလား တောင့်တနေတဲ့ အထွေထွေရွေးကောက်ပွဲကြီးအမြန်ဆုံး ကျင်းပရေးဖြစ်ပါ တယ်၊ တရားမျှတသန့်ရှင်းတဲ့ ရွေးကောက်ပွဲ-ရှိမရှိဆိုတာက အစိုးရအပေါ် မှာ........

သခင်ဗသိန်း(အမရပူရ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ သူပုန်မကုန်ခင် ရွေး ကောက်ပွဲလုပ်တာ ကြိုက်တယ်မဟုတ်လား။

စစ်ဘောင်နဲ့ ပါလီမန်ဘောင်

သခင်ချစ်မောင် (သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ။အချိန်ကို ငဲ့သောအားဖြင့် ပြန်မဖြေတော့ပါဘူး။ တာကြောင့် သည်နေ့အဖြေဟာ ရွေးကောက်ပွဲကျင်းပရေးဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပြဿနာကို ကျွန်တော်တို့လည်း မဖြေရှင်းနိုင်ပါဘူး၊ ပါလီမန်လွှတ်တော်ကလည်းမဖြေရှင်းနိုင်ပါဘူး။ တည်မြဲကလည်းမဖြေရှင်း နိုင်ပါဘူး၊ သန့်ရှင်းကလည်းမဖြေရှင်းနိုင်ပါဘူး။ သဘောက ဘယ်သူမှနိုင် မဲတဲ့အစိုးရအဖွဲ့ မဖွဲ့နိုင်ပါဘူး။ တာကြောင့် ဒီနေ့ပြဿနာကို ပြည်သူကို မြန်အပ်ပြီးဒီလိုပြန်အပ်တဲ့သဘောကသာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပ ဒေပဋ္ဌမအသဲနှလုံးကို လေးစားလို့သာဖြစ်ပါတယ်။တနည်းဆိုလျှင် မိုလ်ချုပ် နေဝင်းကိုတော့ ရိုသေလေးစားပါတယ်။ သူရဲ့နယ်ချဲ့ကိုဆန့်ကျင်ခဲ့တဲ့ အစဉ် အလာလဲ လေးစားပါတယ်။ ဒါပေမဲ့ရှင်းရှင်းပြောရလျှင် သည်နေ့ဗမာနိုင် ငံမှာ ရဲရဲတင်းတင်း ကဏ္ဍားခြားပေးရတဲ့ ဘောင်နှစ်ဘောင်ရှိပါတယ်။ စစ်

ဘောင်နှင့်ပါလီမန်ဘောင်ဖြစ်ပါတယ်။ ဒါကိုပြတ်ပြတ်သားသားခြားဘို့ဖြစ်ပါတယ်။ သည်ပါလီမန်လွှတ်တော်ကို ရှိသေလေးစားပါတယ်ဆိုလျှင် ဘယ်လိုဘဲ အကြပ်အတည်းနှင့် ရင်ဆိုင်နေသည့်တိုင်အောင် ကျွန်တော်တို့အင်အား ၃ ပါးမပျက်စီးအောင် ထိမ်းသိမ်းချင်ပါတယ်ဆိုလျှင် သည်နေ့ဗမာပြည် ပါလီမန်လွှတ်တော်ကြီးမှာ ပါလီမန်ဘောင်နှင့် စစ်ဘောင်သန့်သန့်ကြီးရှင်းလိုက်ဘို့လိုပါတယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ သည်လိုခြားနားဘို့နည်းပေးပါ့ဆိုလျှင်တနည်းဘဲရှိပါတယ်။ ဒီမိုကရေစီထုံးတမ်းစဉ်လာအရ ညွန့်ပေါင်းအစိုးရဖွဲ့ကြစို့လား၊ တာကိုကျွန်တော် ပြောလိုပါတယ်။ ဥက္ကာကြီးခင်ဗျား၊ ညွန့်ပေါင်းအစိုးရဖွဲ့ကြစို့လားဆိုတာ စာဒကတက်စရာရှိပါတယ်။ သန့်ရှင်းနဲ့တည်မြဲမတဲ့ပါဘူး။

သန့်ရှင်းနှင့် တည်မြဲလည်း မတည့်ဘူး၊ သန့်ရှင်း၊ တည်မြဲနှင့် မမညတလည်းမဖြစ်နိုင်ဘူးလို့................

သခင်စံမြင့် (သနပ္ပင်)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ အမတ်မင်းက ဦးနုအစိုးရဖြစ်တုန်းက အမတ်မင်း ဦးသိန်းဖေမြင့် ဝန်ကြီးမဖြစ်တာနှင့် ယခုအတိုးနှင့် လုပ်ချင်လို့ ပြောနေဘာနှင့်တူပါတယ်။

အာဃာတစိတ်တွေဖျောက်ကြပါ

သခင်ချစ်မောင် (သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒါဟာ ဖြစ်နိုင်မယ်လို့ယုံကြည်ပါတယ်၊ တိုင်းပြည်က ပါလီမန်လွှတ်တော်အမတ်များသည် ကိုယ့်တိုင်းပြည်ကို ကိုယ်ထိန်းသိမ်းတဲ့နေရာမှာ ပါလီမန်ဘောင်ကို နောင်သားစဉ်မြေးဆက်ထိ နောင်ရာဇဝင် တွင်ရစ်သည်အထိ စုပေါင်းထိန်းသိမ်းဘို့လိုပါတယ်၊ ဒီနေရာမှာ ပါလီမန်အမတ်များသည် အတိတ်ကထားခဲ့ဘူးသော အာဃာတစိတ်၊ ဂိုဏ်းဂဏစိတ်တွေကို အနည်းဆုံး ၃ လလောက်မှာ ပြည်ဖုံးကားချလို့ မဖြစ်နိုင်ဘူးလား၊ သည်လို ပြည်ဖုံးကားချပြီးတော့ တခုတည်းသော ရည်ရွယ်ချက်ကဘာလဲ၊ တရားမျှတသော ရွေးကောက်ပွဲကြီးကို ညွန့်ပေါင်းအစိုးရက ခေါင်းဆောင်ပြီး၊ ဗိုလ်ချုပ်ကြီးနေဝင်းကလည်း မိမိ၏စစ်တပ်ကို မိမိပြန်သွားပြီးတော့ တပ်မတော်ကြီးဟာ စစ်ဘောင်နှင့် ပါလီမန် နိုင်ငံရေး ဘောင်ကြီးကို ပြတ်ပြတ်သားသားကြီးခြားနားပြီးတော့ ပါလီမန်လွှတ်တော်အမတ်များဟာ စုပေါင်း ထိန်းသိမ်း

ပြီးတော့ ညွန့်ပေါင်းအစိုးရက နိုင်ငံကိုယ်စားသည်များအဖြစ်နဲ့ ချမှတ်တဲ့အတိုင်း ကျွန်တော်တို့ တပ်မတော်ကြီးကလဲ မမှိတ်မသုံ ယုံယုံကြည်ကြည်နှင့် နောက်လာနောက်သားများအတွက် ဝိုင်းဝန်းကူညီပြီး မလုပ်နိုင်ဘူးလား၊ တပ်မတော်ကြီးဟာ သည်လို ရာဇဝင်တွင်အောင် မလုပ်နိုင်ဘူးလား၊ သည်လိုလုပ်နိုင်တယ်ဆိုလျှင် သည်ပြဿနာဖြင့် ဖြေရှင်း သွားနိုင်ပြီဆိုတာ ယုံကြည်ပါတယ်၊ ကမ္ဘာ့ပါလီမန် အစဉ်အလာကိုကြည့်မည်ဆိုလျှင် သို့ကလိုကြပ်တည်းမှုတွေ ဖြစ်လာတဲ့အခါမှာ တိုင်းပြည်ကို စုပေါင်းထိန်းသိမ်းကြတယ်၊ စစ်ဖြစ်လာတယ် ဆိုလျှင် စုပေါင်းပြီး တာဝန်ခံကြတယ်၊ အမျိုးသားရေးအကြပ်အတည်းဖြစ်လာတဲ့အခါမှာလည်း စုပေါင်းပြီးထိန်းသိမ်းကြတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဗိုလ်ချုပ်ကြီးနေဝင်းကို တခုပြောခဲ့ချင်ပါတယ်။ ဒါကတော့ အခြားမဟုတ်ပါဘူး၊ သည်နေ့ သည်အဆိုကို တင်မိတဲ့အတွက် သည်နေ့ သည်လိုပြောရတဲ့အတွက် သည်လိုမှန်ကန်တဲ့ သစ္စာစကားကို ဆိုရတဲ့အတွက် ပ-မ-ည-တ ဟာ ပေးလာတဲ့ဒဏ်ကိုခံရပါမည်၊ သည်လိုခံရမည်လို့ ယုံကြည်ပြီး စိုးရိမ်မိပါတယ်။ ဗိုလ်ချုပ်နေဝင်း အစိုးရတက်လာတာကို "လူ"ကိုမုန်းလို့ မဟုတ် "မူ"ကို မုန်းလို့ ကန့်ကွက်မိတဲ့အတွက် ပ-မ-ည-တ သားကောင်း ရတနာမြောက်မြားစွာဟာ အကျဉ်းထောင်များအတွင်းမှာ ခံစားနေကြရပါပြီ၊ ယခုလည်း ရိုးရိုးသားသားနှင့် ပါလီမန်ဘောင်နှင့် စစ်ဘောင်ကို နောက်လာ နောက်သားများ ခြားနားစေချင်တဲ့အတွက် သည်လိုစေတနာကောင်းနှင့် သည်လို တင်လိုက်မိတဲ့အတွက် သည်ဘေးဒဏ်ကို သည့်လွှတ်တော် အပြီးမှာ ခံရပါလိမ့်မည်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ သည်လိုခံရလျှင် ဘယ်သူ့အပေါ်မှ အာဃာတ မထားဘဲ၊ ဝိဓူရထုံး နှလုံးမူပြီးခံပါမယ်၊ ဝိဓူရထုံးက ဘယ်လိုလဲဆိုလျှင် ပြောရမှာရှည်နေပါလိမ့်မည်။ တိုတိုဘဲ အစီရင်ခံပါရစေ။

ပုဏ္ဏကနှင့်ဝိဓူရ

ကုဝေရနတ်မင်းကြီးရဲ့ စစ်သူကြီး ဗိုလ်ချုပ်ကြီးပုဏ္ဏကဟာ ဝိဓူရအမတ်ကို မြင်းမြီးနှင့်ချည်ပြီး တောင်စဉ် ၇ ထပ်မှာ မသေသေအောင် အသေသတ်ပါတယ်။ လေသင်ဂျုန်းကြီးများနှင့်တိုက်၊ ကျောက်ဆောင်ကျောက်ခဲများနှင့်တိုက်၊ နောက်ပြန်ကြည့်တော့ ပြုံးပြုံး ရွှင်ရွှင်နှင့်နေတဲ့ ဝိဓူရကိုတွေ့

ရတော့စစ်သူကြီးဖြစ်တဲ့ ပုဏ္ဏကကအမေးတယ်၊ သေမှာမကြောက်ဘူးလား၊ အဲသည်လိုမေးတော့ ဝိဓူရအမတ်ကြီးက အသင်ပုဏ္ဏက၊ မှန်ကန်သောသစ္စာစကားကိုဆိုရင် သစ္စာစကားကို ရင်ဝယ်ပိုက်ထွေးခြင်းအားဖြင့် သေရမှာကိုသော်၎င်း၊ သေရခြင်းကိုသော်၎င်း၊ ဘာမှကြောက်စရာမရှိဘူး၊ ဝိဓူရအမတ်က သည်လိုပြောတော့ ခေါင်းမာတယ်ဆိုပြီး ယူဇနာ ၆၀ အမြင့်ရှိတဲ့ ကာဠာဂိရိ၊ မြန်မာလိုပြန်တော့ မည်းနက်သော ကျောက်တောင်ကြီးရဲ့ တောင်ထိပ်ကိုခေါ်သွားပြီး ပုဏ္ဏကစစ်သူကြီးကဝိဓူရအမတ်ကြီးကိုတောင်ထိပ်ကနေပြီး ၄ ပြင် ၄ ရပ် ၁၀ ယူဇနာစီရှိတဲ့နေရာမှ ဝိဓူရ အမတ်ကြီးကို ပစ်ချပါတယ်၊ နောက်ပြန်ကောက်ကြည့်တဲ့ အခါမှာ ဝိဓူရ အမတ်ကြီးကို မေးပါတယ်၊ ဝိဓူရ၊ သေရမှာမကြောက်ဘူးလား၊ သည်တော့လည်း ယခုတင်က အတိုင်းဘဲပြောတယ်။ အဲသည်လိုပြောတဲ့အခါမှာ........

ဦးမောင်မောင် (ပုဂံ-အနောက်ပိုင်း) ဥက္ကဋ္ဌကြီးခင်ဗျား၊ ပမညတ အမတ်မင်းများဟာတကယ်သစ္စာဆိုတဲ့နေရာမှာ..........

သခင်ချစ်မောင် (သာယာဝတီ)။ ။ဥက္ကဋ္ဌကြီးခင်ဗျား၊ အဲသည်တော့ နောက်ဆုံးကျတော့ ပုဏ္ဏကစစ်သူကြီးကသည်လိုသတ်လို့မထူးတော့ဘူးဆိုပြီး ဝိဓူရ အမတ်ကို ခြေ ၂-ချောင်းကိုင်ပြီး တောင်ခါးပန်းနှင့် ရိုက်သတ်မှဖြစ်မည်ဆိုပြီး အကြံရှိတယ်။ အဲသည်လို ပုဏ္ဏကအကြံရတဲ့အခါမှာ ဝိဓူရအမတ်ကြီးရဲ့ ခြေ ၂-ချောင်းကိုကိုင်ရိုက်ခါနီးမှာ ဝိဓူရက မေးတယ်၊ အသင်ပုဏ္ဏက ငါ့ကိုဘာကြောင့် သတ်ချင်ရသလဲလို့မေးတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဇာတ်ကြောင်းပြောနေရင် ရှည်နေပါတော့မည်၊ အမတ်ကြီးရဲ့အသဲနှလုံးကိုလိုချင်လို့လို့ပြောတယ်။ ဘယ်သူက ဘာကြောင့်လိုချင်သလဲဆိုတော့ ပုဏ္ဏကက ဣရန္ဒတီဆိုတဲ့ နဂါးပြည်က မင်းသမီးကလိုချင်လို့ပြောတယ်။ သည်တော့ငါမသေခင်သာဓုနရတရား ၄ ပါးဟောခဲ့ဦးမည်ဆိုပြီး ပဌမတရားက သူတော်ကောင်းသူမြတ်လောင်းသို့ သွားရာလမ်းစဉ်အတိုင်း ဖြောင့်ဖြောင့်သွားပါ။ နံပါတ် ၂-က စိုသောလက်ကို မခြောက်ပါစေနဲ့။ နံပါတ် ၃ က ကျေးဇူးရှိသော ခင်ပွန်းများအပေါ်မှာ မပြစ်မှားပါနှင့်။ နံပါတ် ၄ က အလိုကြီးသော မိန်းမဆိုးနောက်သို့ အလိုမလိုက်ပါနှင့်။ အဲသည် ၄ ချက်ကိုဟောခဲ့ပါတယ်၊ ပမညတ အနေနှင့် သည် ၄ ချက်ကို နိုင်ငံရေးသဘောတရား သွင်းပါရစေ။

ကျွန်တော်တို့ မမှတ်မသုံ ယုံကြည်စွာလိုက်နာခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးသွားတဲ့ သခင်မြတို့ရဲ့ ချမှတ်သွားတဲ့ ဒီမိုကရေစီဝါဒ ဒီမိုကရေစီလမ်းကြောင်းအတိုင်း တသွေမတိမ်း လိုက်ကြပါစို့ဆိုတာ နံပါတ် ၁ အနေနှင့် အစီရင်ခံလိုပါတယ်။ နံပါတ် ၂ အနေနှင့်ကတော့ စိုသောလက်ကိုမခြောက်ပါစေနှင့်ဆိုတာက ဗိုလ်ချုပ်ကြီးနေဝင်း သန့်ရှင်း တည်မြဲနှင့် ကျွန်တော်တို့တတွေဟာ ရာဇဝင်နှစ်ပေါင်း ၂၀ လောက်အတွင်း ၃၆ ခုနှစ် သပိတ်ကတည်းကစပြီး သွားလာလုပ်ကိုင်ခဆောင်ရွက်ခဲ့ပြီး သေအတူရှင်အမျှလုပ်ခဲ့ကြတဲ့ ရဲဘော်ရဲဘက်တွေဖြစ်ပါတယ်။ သည်လိုနှစ်ပေါင်း ၂၀ စိုလာတဲ့လက်ကို သည်တချိန်ကျတော့မှ ခြောက်ခမ်းရတော့မှာလား ဆိုတာကို ပြောချင်ပါတယ်။ နံပါတ် ၃ ကျေးဇူးရှင် ခင်ပွန်းများကိုလည်းမပြစ်မှားနှင့် ဆိုတာကိုပြန်ကြည့်တဲ့အခါမှာ ဘယ်သူတွေလဲဆိုလျှင် သန်းပေါင်း ၂၀ ကျော်မျှရှိသော မဲဆန္ဒရှင်ပြည်သူတွေဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ ၁၀ နှစ်အတွင်း အင်မတန်ကြောက်စရာကောင်းတဲ့ ဘဝမှာ ပြည်သူတွေဟာခံစားနေခဲ့ရပါတယ်။ နိုင်ငံတော်ကြီးတည်ဆောက်တဲ့ နေရာမှာ သွေးတွေ ချွေးတွေ အမြောက်အများ ပြည်သူတွေကျဆုံးခဲ့ရပါတယ်။ အဲသည်လို ကျဆုံးခဲ့ရတဲ့ ခင်ပွန်းကောင်းကျေးဇူးရှင်ပြည်သူတွေကို ပြန်လည်ကျေးဇူးဆပ်သောအားဖြင့် သည်ပါလီမန်လွှတ်တော်ကြီးကဇ ပေါင်းထိန်းသိမ်းကြပါစို့။ နံပါတ် ၄ အချက်က ဣရန္ဒတီ နတ်သမီးဆိုတဲ့ အာဏာပြဿနာကို ပြောလိုပါတယ်။ အဲသည် အာဏာမှာ နိုင်ငံရေးပါတီတခု၊ ပုဂ္ဂိုလ်တဦးတယောက်သည် အာဏာလောဘကို ရှေ့တန်းတင်ပြီးလုပ်လာလျှင် ကမ္ဘာ့သမိုင်းမှာ ပြန်ကြည့်လျှင်ပျက်စီးတာများပါတယ်။ အာဏာကိုနောက်ထား ပြည်သူ့အကျိုးရှေ့ထားပြီးလုပ်တဲ့ နိုင်ငံရေးပါတီတွေဆိုလျှင် ကမ္ဘာ့သမိုင်းမှာတည်မြဲနိုင်မှာပါတယ်။ အဲသည်လိုအလိုကြီးသော မိန်းမနောက်သို့ မလိုက်ဘို့ဆိုတဲ့ ဝိဓူရအမတ်ကြီးပြောတဲ့ နံပါတ် ၄ တရားသဘောဟာ ပါလီမန်လွှတ်တော်ကြီးမှာ ပါတီအဖွဲ့အစည်းအားလုံးတို့ဟာ ဣရန္ဒတီနှင့်တူတဲ့ နတ်သမီး၊ တနည်းအားဖြင့် မိန်းမဆိုးနဲ့တူတဲ့ အာဏာလောဘ နောက်ကိုမလိုက်ဘဲ ၃ လလောက်အတောအတွင်းမှာ သည်ပြဿနာကို ဆေးချိတ်ပြီး ရွေးကောက်ပွဲကြီးကျင်းပရေး ပြည်သူ့ထုငြိမ်းချမ်းသာယာစွာနေထိုင်နိုင်ရေးဒီမိုကရေစီဘောင်နှင့် စစ်ဘောင်ကို နှောင်လာနောက်သားများ ဥဒါန်းတွင်ရစ်စေရေးအတွက်

ကျွန်တော်တို့တတွေ ပူးပေါင်း ထိမ်းသိမ်းခြားနားရေးအတွက် ဝိဇ္ဇုရထုံး နှလုံးပြုပြီး ဤနိုင်ငံရေး ဝိဇ္ဇုရ တရား ၄ ပါးကို ဦးထိပ်ထက်ပန်ဆင်ပြီး ဗမာ ပြည်ကြီးကိုကယ်ဘင်ကြပါစို့လို့ ဥက္ကဋ္ဌကြီးမှတဆင့် ဗိုလ်ချုပ်နေဝင်းနှင့်တ ကွ တပ်မတော်ကြီး တခုလုံး ကမ္ဘာ့တခွင်ပြမြစ်စင်မှာရှိတဲ့ ဒီမိုကရေစီ မြတ်နိုး သူများအားလုံးကို ပ မ ည တ ကိုယ်စား "လေးစားစွာ တင်ပြရင်း နှိုးဆော်လိုက်ရပါတယ်ခင်များ"

(သြဘာသံများ)

မျိုးညွန့်ပုံနှိပ်တိုက်၊ အမှတ် ၉၀၊ လှည်းတန်း၊ ရန်ကုန်မြို့တွင်
ရိုက်နှိပ်၍
ဗမာပြည်အလုပ်သမားပါတီ(ရန်ကုန်ခရိုင်မှ)ထုတ်ဝေသည်။

ကျွန်ုပ်၏ဘဝဝတ္ထုမှ စာမျက်နှာများ

၁၉၁၇ ခုနှစ်၊ အောက်တိုဘာတော်လှန်ရေးကြီး မအောင်မြင်ခင် ကလေးတွင် သေလု မြောပါးဖြစ်နေသော ပဒေသရာဇ် အမီမာစော်ဘွား၏ အမြင့်ဆုံး ညှဉ်းတာပေးမှုကြီး "ကြိမ်ဒါဏ် (၇၅) ချက်" ကို မသေရုံတမယ်ပန်ဆင်လိုက်ရသူ စာရေးဆရာကြီး **ဆာဒရီဒင် အိုင်နီ**၏ဘဝအဖြစ်အပျက်ကိုသူကိုယ်တိုင်အနုစိပ်ရေးသားဖေါ်ပြထားသော စာအုပ်ဖြစ်သည်။

ပဒေသရာဇ်စနစ်၏ ဒါဏ်ရာဒါဏ်ချက်ကို မွေးကတည်းက ခံစားလာရသူ ဆင်းရဲသောလယ်သမား၏ သားသမီးတယောက်ဖြစ်သော်လည်း အခက်အခဲမှန်သမျှကို ခနိုင်မခံအရှုံးမပေးဘဲ ရဲရင့်စွာ ရင်ဆိုင်လာခဲ့သူလည်း ဖြစ်သည်။

အောက်တိုဘာ တော်လှန်ရေးကြီး အောင်ပွဲဆင်သောအခါ၊ သူ့တွင်လေးနက်သောပြဿနာကြီးတရပ်ကို ဖြေရှင်းပေးနိုင်ရန်အတွက် အရည် အချင်းများ ရှိနေပေပြီ။

မည်သို့သော အရည်အချင်းများပေနည်း?

Sadriddin Aini

PAGES FROM MY OWN STORY

ဆာဒရီဒင် အိုင်နီ
ရေးသည်

အင်တာနေရှင်နယ်စာပေဖြန့်ချီရေးတိုက်
အမှတ် ၁၁၊ တောင်ဘက်မုခ်-ဆူးလေဘုရား-ရန်ကုန်မြို့။